# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

e - paper ဖတ်ရှုရန်


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 1 September 2026 ၁၂၂၈၈


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဗီယက်နမ်နိုင်ငံသမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။

ထို့အပြင် မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်ရှိပြီး ဗီယက်နမ်နိုင်ငံရှိ ဒီဂျစ်တယ်နည်းပညာနှင့် စက်မှုလုပ်ငန်းများကို သွားရောက်လေ့လာသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၃၁

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်နေသောအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်း - အနောက် ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ**

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ**

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ**

စာမျက်နှာ » ၈

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**ပေးအပ်ချီးမြှင့်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မအိကေဇင် အား ဆုပေးအပ်ချီးမြှင့်စဉ်။



## ရထားပြေးဆွဲမှုယာယီရပ်နားခဲ့ရသည့် ပြင်ဦးလွင်-ဂုတ်ထိပ် အစုန်/အဆန် ရထားခရီးစဉ်ကို လာမည့်စနေနေ့မှစ၍ အပတ်စဉ် ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်

နေပြည်တော် ဩဂုတ် ၃၁

နောင်ချိုမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောင်ချို-ဂုတ်ထိပ် ရထားလမ်းပိုင်း ရေကျော်နစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး ယခုအခါ လမ်းပိုင်းပြုပြင်ပြီးစီးပြီဖြစ်၍ ရထားပြေးဆွဲမှု ယာယီရပ်နားခဲ့ရသည့် ပြင်ဦးလွင်-ဂုတ်ထိပ် အစုန်/အဆန် ရထား ခရီးစဉ်ကို လာမည့်စနေနေ့မှစ၍ အပတ်စဉ် ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

**ဒီဇယ်ဆီ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်တိုးမြှင့်ခွင့်ပြု**

**သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်တိုးမြှင့်ခွင့်ပြု**

စာမျက်နှာ » ၁၁

ကြေးမုံ

# လူမှုစီးပွားဘဝအဆင်ပြေချောမွေ့ရေး လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် ဆက်သွယ်ရေးမဟာဗျူဟာ လမ်းကြောင်းသည် ပြည်သူများ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးအတွက် အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည်။ ပြီးခဲ့သည့်ကာလက ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများအတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ အခက်အခဲများဖြစ်ခဲ့သည်။ ယခုအခါ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ပြန်လည်ထိန်းချုပ် ထိန်းသိမ်းဆောင်ရွက်နိုင်သောကြောင့် အဆိုပါဒေသများတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေး ပြန်လည်ချောမွေ့ကောင်းမွန်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်သည် ဝေးလံကျယ်ပြန့်သည့်ဒေသဖြစ်ပြီး ဒေသရှိ ရှေးဟောင်းအဆောက်အအုံ ၆၅ ခုကို နိုင်ငံတော်က ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့နယ်ရှိ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၆ နှစ်သက်တမ်းရှိသည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းက အဆိုပါအဆောက်အအုံကို ရှေးဟောင်းသမိုင်းဝင် ကမ္ဘာ့ဦး မော်ကွန်းကြေးပြား တပ်ဆင်ပေးခဲ့သည်။ အဆိုပါတံတားကြီးသည် အမြင့် ၄၅ ပေမှ ပေ ၃၂၀ ကြားအထိ ကွဲပြားခြားနားသော သံမဏိခုံများဖြင့် ထောက်ထားလျက် အမြင့်ဆုံးမြင်းခံသည် ပေပေါင်း ၁၁၀၀ နက်ရှိုင်းသည့် သဘာဝပေါင်းကူးတံတားပေါ်တွင် တည်ဆောက်ထားသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မြန်မာ့မီးရထားက RBE ရထားဖြင့် ပြင်ဦးလွင်-နောင်ချို-ဂုတ်ထိပ်ခရီးစဉ်ကို ပြေးဆွဲ၍ ပြည်သူများအား ဝန်ဆောင်မှုပေးလျက်ရှိသည်။

ထို့အပြင် ဂုတ်ထိပ်တံတားနှင့်ပတ်သက်၍ လာရောက်လေ့လာလည်ပတ်သူများ သိရှိနိုင်ရန် သတင်းအချက်အလက်ဆိုင်းဘုတ်ကို စိုက်ထူပေးထားသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ရှမ်းဘာသာဖြင့် ဟိုကွတ်ဟုခေါ်သောရွာကို မြန်မာတို့က ငုတ်ထိပ်ဟုခေါ်ဆိုရာမှ ဟိုကွတ်နှင့် ငုတ်ထိပ်ဟူသောအခေါ်မှာ ထိုနေရာဒေသတွင် မြစ်ချောင်းများ ပျောက်ကွယ်သွားသည်ကို အစွဲပြု၍ခေါ်ခြင်းဖြစ်သည်။ ၁၈၉၇ ခုနှစ်တွင် ဗြိတိသျှအစိုးရက မန္တလေး-ဗန်းမော်သို့ မီးရထားလမ်းဖောက်လုပ်ခဲ့ရာမှ မန္တလေး-လားရှိုးသို့လည်း မီးရထားလမ်းဖောက်လုပ်ရန် လိုအပ်လာသဖြင့် ဂုတ်ထိပ်တောင်ကြားကူးတံတားကို အမေရိကန်နိုင်ငံ ပင်ဆယ်လ်ဗေးနီးယားနှင့် မေရီလန်းတံတားဆောက်လုပ်ရေးကုမ္ပဏီကို ငှားရမ်းဆောက်လုပ်စေခဲ့သည်။ ၁၈၉၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၀၀ ပြည့်နှစ်တွင် ပြီးစီးကာ ၁၉၀၃ ခုနှစ်တွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့သည်။

မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အချက်အချာဖြစ်သည့် မူဆယ်မြို့သည် အရေးပါသည့်မြို့ဖြစ်သည်။ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၏ ခရီးဆုံးပန်းတိုင်ဖြစ်သည်။ ယခုအခါ မန္တလေး-နောင်ချို - သီပေါ-လားရှိုးတို့သည် တစ်ဆက်တစ်စပ်တည်းဖြစ်လာသည်။ ယခုအခါ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းပေါ်ရှိ ဂုတ်ထိပ်တံတားကြီးအပါအဝင် ဆက်သွယ်ရေးတံတားများကို ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိရာ ပြီးစီးလုပြီဖြစ်သည်။ ယခုအခါ ဂုတ်တွင်းတံတားပြန်လည်ဖွင့်လှစ်ပြီး တစ်ဆက်တည်းဖြစ်သည့် သီပေါတံတား အပြည့်အဝ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သီပေါတံတားပွင့်ပြီး မူဆယ်-လားရှိုးလမ်းပိုင်းကို ဆက်လက်ကိုင်တွယ်ဆောင်ရွက်နိုင်လျှင် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်ဆက်တစ်စပ်တည်း ပြန်လည်ပွင့်လင်းပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့လာမည်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့်အပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် အရေးပါသဖြင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံတစ်ဝန်းရှိ ဒေသအတော်များများ တည်ငြိမ်အေးချမ်းမှုရှိလာပြီး လမ်းပန်းဆက်သွယ်ရေးများလည်း ပြန်လည်ပွင့်လင်းကာ ဒေသခံပြည်သူများ ပုံမှန်အတိုင်း ခရီးသွားလာနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံမြောက်ဘက်သို့ သွားရောက်နိုင်သည့် မန္တလေး-ဗန်းမော်-မြစ်ကြီးနားလမ်း ပြန်လည်သွားလာနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပြီး အနောက်မြောက်ဘက်သို့ သွားရောက်နိုင်သည့် မန္တလေး-ကလေး-တမူးလမ်းပိုင်း သွားလာနိုင်အောင် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နေပြည်တော်- လွိုင်ကော်လမ်းပိုင်းနှင့် နယ်စပ်ကုန်သွယ်ရေးတွင် အချက်အချာကျသည့် မြဝတီပြည်ထောင်စုလမ်းမကြီးကိုလည်း လုံခြုံစိတ်ချချောမွေ့အောင် ကာကွယ်စောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်သည် နိုင်ငံတော်တစ်ဝန်းရှိ ဒေသများအားလုံး တည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် အပိုင်းလိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ နေရာအတော်များများ ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကောင်းမွန်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ အားလုံးပူးပေါင်းလက်တွဲ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချ တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဦးဝင်းမြင့်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၆(မန္တလေး)၊ ၁၂/၂၀၂၆ (ရန်ကုန်)၊ ၁၃/၂၀၂၆(မန္တလေး)၊ ၂၀/၂၀၂၆ (ဧရာဝတီ) နှင့် ၂၄/၂၀၂၆(မွန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၂၃/၂၀၂၆ (မန္တလေး)၊ ၂၅/၂၀၂၆ (မွန်)၊ ၂၆/၂၀၂၆ (ရှမ်း)နှင့် ၃၀/၂၀၂၆ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၁-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၇ ~ ၃၆၆၈ | ၅၅၇.၈ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၉၀၆,၉၃၉.၈၉ | ၄,၄၀၄,၀၀၈.၁၀ | ၆၁,၉၉၇,၂၅၂.၇၁ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# သောင်ရင်းမြစ်ရေ မြဝတီမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေ ၆ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ၃၁ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၁ - ၈ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၉၂၁ | ၁၆,၅၇၈,၀၀၀ |
| MTSH | ၈,၉၀၀ | ၉,၀၀၀ | ၁,၁၃၈ | ၁၀,၁၆၈,၂၀၀ |
| MCB | ၁၃,၅၀၀ | ၁၃,၀၀၀ | ၁၃ | ၁၇၂,၅၀၀ |
| FPB | ၆,၇၀၀ | ၆,၉၀၀ | ၆,၆၀၀ | ၄၅,၂၈၀,၀၀၀ |
| TMH | ၃,၅၀၀ | ၃,၅၀၀ | ၁ | ၃,၅၀၀ |
| EFR | ၁,၉၀၀ | ၁,၈၅၀ | ၁,၁၃၁ | ၂,၀၉၈,၆၀၀ |
| AMATA | ၄,၁၀၀ | ၄,၂၀၀ | ၃၃၉ | ၁,၄၁၈,၈၀၀ |
| MAEX | ၆,၈၀၀ | ၆,၇၀၀ | ၁,၄၂၀ | ၉,၆၁၄,၀၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၃၀၀ | ၁,၃၀၀ | ၈,၁၉၀,၀၀၀ |
| ASPGB(PLB) | ၆,၇၀၀ | ၆,၈၀၀ | ၃,၅၄၈ | ၂၃,၇၈၆,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသားမိဘများ၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော် ကောင်စီနယ်မြေမှ ကျောင်းသူ လူငယ်မောင်မယ်လေးများက "ပညာဂုဏ်ရည်မြင့်မား နိုင်ငံ့ကြယ်ပွင့်များ" တေးသီချင်းဖြင့် သရုပ်ဖော် ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံကို ခေတ်မီနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် ပညာတတ် လူငယ်များ၏ စွမ်းရည်စွမ်းအားမြင့်မားမှုသည် ပဓာနကျကြောင်း၊ အတွေးအခေါ်မြင့်မားပြီး ဗဟုသုတ ငါးတန်နှင့်ပြည့်ဝသည့် ထူးချွန်လူငယ်များသည် နိုင်ငံတော်အတွက် အဖိုးအနဂ္ဃထိုက်တန်သည့် အမြဲတေရတနာများပင်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စွမ်းဆောင်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းရှိကြသည့် အရင်းအမြစ်များလည်း ဖြစ်ကြကြောင်း။

ယခု ဆုနှင်းသဘင်ခန်းမအတွင်း၌ ရောက်ရှိနေကြသည့် ဆုရ ကျောင်းသား ကျောင်းသူများသည် အခြေခံပညာနှင့် အသိဉာဏ် ပြည့်စုံကြွယ်ဝကြသူများ၊ ရည်မှန်းချက် မြင့်မားကြသူများဖြစ်ကြပြီး ဖွဲ့လုံ့လဝီရိယနှင့် တစိုက်မတ်မတ် ကြိုးစားအားထုတ်ခဲ့ကြသဖြင့် ယခုကဲ့သို့ ထူးချွန်စွာ အောင်မြင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့အပြင် ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့် အဆင်မြင့်ပညာကို အပတ်တကုတ်သင်ယူပြီး ဘဝအောင်မြင်ရေးအတွက် ထူးချွန်ထက်မြက်အောင် ဆက်လက်ကြိုးစား သွားကြလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ကြောင်း။

ယခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အခြေခံပညာကျောင်းများမှကျောင်းသားများအပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများမှ ကျောင်းသားများလည်း ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း၊ ယခုနှစ်၏ တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ်များထက် အောင်ချက်ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် ယခုနှစ်တွင် စတင်ကျင်းပသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းသည်လည်း ၄၉ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံ့ပညာရေးအတွက် အားရဂုဏ်ယူစရာပင်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးရရှိသူ ၆၇၄ ဦး၊ တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၃၂ ဦးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မသင်းပျံ့ပြည့်စုံခင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မောင်ဘုန်းတေဇသွေးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မဆောင်းနှင်းဖြူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မခင်ငြိမ်းစုအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

စာမေးပွဲတွင်လည်း ဘာသာစုံဂုဏ်ထူးရရှိသူသုံးဦး၊ တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၅၀ ပေါ်ထွက်ခဲ့ကြောင်း။

ယနေ့ အခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများတွင် တစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၀၇ဦး အား ရွှေစင်တစ်ကျပ်သား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆု ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထူးချွန်ကျောင်းသားကျောင်းသူများ၏ ကြိုးပမ်းအားထုတ်မှုနှင့် အောင်မြင်မှုရလဒ်များကို မှတ်ကျောက်တင်ဂုဏ်ပြုပေးခြင်းဖြစ်သဖြင့် အဆင့်မြင့်ပညာကို ဆက်လက်ထူးချွန်အောင် ကြိုးစားရန် မြှောက်စားအားပေးခြင်းလည်းဖြစ်သည်ကို ပြောကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်ခုကို ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံသားများ၏ အသိဉာဏ်ပညာ ပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ် ကောင်းမွန်မှု၊ ဆန်းသစ်တီထွင် နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထား ထိန်းသိမ်းတတ်မှုစသည့် အရည်အချင်းများသည် အဓိကကျပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် ဘက်စုံထူးချွန်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံသားများ၏ စွမ်းပကားနှင့် ခေတ်မီနိုင်ငံတော်သစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စက်မှုလက်မှု၊ ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးမြှင့်နိုင်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခုဆိုပါက ၉၂ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယင်းကျောင်းများမှ သင်ယူပြီးမြောက်သည့် ကျောင်းသား ကျောင်းသူများလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ယခုပညာသင်နှစ်မှစပြီး အခြေခံပညာ အလယ်တန်းဆင့်၌ပါ သက်မွေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးနေပြီ ဖြစ်ကြောင်း။

ထူးချွန် ကျောင်းသား ကျောင်းသူများကို အလေးအနက်ထားမှာကြားလိုသည်မှာ မိမိတို့နိုင်ငံ၏ ရေမြေတောတောင် သဘာဝပထဝီဝင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းကြောင်းနှင့် လက်ရှိ အခြေအနေများကို သေသေချာချာသိရှိအောင်လေ့လာစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး မှန်ကန်သည့်လုပ်ရပ်များနှင့် နိုင်ငံကို အကျိုးပြုနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်း အပြန်အလှန်လေးစားမှုရှိပြီး မတူကွဲပြားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ် ရှုမြင်သုံးသပ်နိုင်သည့် စိတ်ထားရှိအောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံကို ဦးဆောင်ကြမည့်သူများဖြစ်သဖြင့် ပြောဆိုလုပ်ကိုင်မှု မှန်သမျှတွင် သေသေချာချာစဉ်းစားသုံးသပ်ပြီး နိုင်ငံ့အကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းစေမည့်အရာများကို ဖော်ဆောင်ကြရန်နှင့် ထိခိုက်စေမည့်အရာများကို ရှောင်ကြဉ်ကြရန်မှာကြားလိုကြောင်း။

ထိုကဲ့သို့အခြေခံသဘောတရားများကို သိရှိနားလည်ရန်၊ စဉ်းစားဆင်ခြင် သုံးသပ်နိုင်ရန်အတွက် အဓိကအနေဖြင့် အသိပညာ ဗဟုသုတပြည့်စုံရန်လိုကြောင်း၊ အသိပညာမရှိပါက မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်စွမ်းမဲ့ပြီး လွဲမှားသည့် အယူအဆများနှင့် မိမိကိုသာမက ပတ်ဝန်းကျင်ကိုပါ အကျိုးယုတ်ပျက်စီးစေနိုင်ကြောင်း၊ ထို့ကြောင့် အသိဉာဏ်ပညာ ပြည့်ဝပြီး အကျင့်စာရိတ္တကောင်းမွန်ရန် စာများများဖတ်သည့် အလေ့အကျင့်ကို မွေးမြူကြရန်နှင့် သုတ၊ ရသ စာပေအမျိုးမျိုးကို လေ့လာဖတ်ရှုကြရန်၊ စိတ်ထဲတွင် စွဲမြဲအောင်မှတ်သားပြီး ဘဝအတွက် ကျင့်သုံး လိုက်နာသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဒီဂျစ်တယ်စီးပွားရေးနှင့် AI အခြေပြုဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အားကောင်းလာသည်ကို တွေ့ရကြောင်း၊ လူငယ်များအနေဖြင့် ကမ္ဘာ့အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ်သိရှိပြီး သိပ္ပံနှင့်နည်းပညာအခြေပြု စွန့်ဦးတီထွင်မှုများ ပိုမိုဆောင်ရွက်ကြစေလိုကြောင်း၊ ခေတ်မီပညာရပ်များကို လက်လှမ်းမီရှာဖွေနိုင်ရန် လူမှုကွန်ရက်နှင့် အင်တာနက်များကို မှန်မှန်ကန်ကန်၊ အကျိုးရှိရှိအသုံးချရန် လိုအပ်ကြောင်း၊ အကျိုးမရှိသည့် တလွဲအသုံးပြုမှုများနှင့် အမှားမလုပ်မိကြရေးကိုလည်း သတိပေးမှာကြားလိုကြောင်း။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိပွံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတိုးတက်ရေး လူတိုင်းအလုပ်လုပ်ကြရန် အရေးကြီးပြီး မိမိတို့ အသက်အရွယ်အလိုက် ကျွမ်းကျင်ရာလိမ္မာရာ သင့်လျော်သည့် လုပ်ငန်းဆောင်တာများကို သမ္မာအာဇီဝရှိရှိ၊ အတ္တနှင့်ပရမ္မျှမျှတတ ဆောင်ရွက်ကြရန်လိုကြောင်း၊ အချိန်ကို အချည်းနှီးမဖြစ်စေရေး အကျိုးရှိရှိအသုံးချကြရမည်ဖြစ်ပြီး ပျင်းရိနေပါက အရာရာ နောက်ကျကျန်ခဲ့မည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုယ်မိမိယုံကြည်ပြီး တိုးတက်အောင်လုပ်ကြရန်နှင့် ရည်မှန်းချက်မြင့်မြင့်ထားပြီး စဉ်ဆက်မပြတ်အားထုတ် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ကျောင်းသားလူငယ်များ အနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ရှိရန်လိုကြောင်း၊ ကိုယ်လက်လှုပ်ရှားအားကစားမှုနှင့်အတူ ဝါသနာပါရာ အားကစားတစ်မျိုးမျိုးကို လေ့လာ လိုက်စားသင့်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ကိုယ်ရည်ကိုယ်သွေး မြင့်မားသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုယ် အကောင်းဆုံးဖြစ်အောင် လေ့ကျင့်ပျိုးထောင်ခြင်းသည် နိုင်ငံတော်ကို အကျိုးပြုရာရောက်ပြီး ပညာရေး၊ ကျန်းမာရေး၊ အားကစား စသည်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး ဘဝအတွက် အားနည်း၍ မရနိုင်သည့် အခြေခံလိုအပ်ချက်မူဝါဒများချမှတ်ကာ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များ တိုင်းတစ်ပါးနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြခြင်းသည် နိုင်ငံတော်အတွက် အလွန်နစ်နာပြီး နိုင်ငံ့အရင်းအမြစ်များ များစွာဆုံးရှုံးရကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် မိမိတို့နိုင်ငံက သင်ပေးလိုက်သည့်ပညာရပ်များဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို အပြည့်အဝအကျိုးပြုပြီး ပြန်လည်ကျေးဇူးဆပ်နိုင်ကြရန် တိုက်တွန်းများဖြစ်သည်ကို အားလုံးက သတိရှိကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် လူငယ်များ၏အခန်းကဏ္ဍကို ထိထိရောက်ရောက်အာရုံစိုက်ပြီး အဘက်ဘက်မှ ဖြည့်ဆည်းပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခုမိမိတို့ အစိုးရသစ်ကာလတွင် လူငယ်ရေးရာ ဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းပြီး လူငယ်ရေးရာ မှာကြားလိုကြောင်း။

ဘဝရှင်သန် ရပ်တည်ရေးအတွက် အတတ်ပညာတစ်ရပ်ရပ်ကို ကျွမ်းကျင်လိမ္မာရန်လိုသကဲ့သို့ ဘာသာတရား၏ အဆုံးအမနှင့်အညီ ကိုယ်၊ နှုတ်၊ နှလုံး ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်ကြရန်လည်း သင်ယူကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အခြေခံပညာကျောင်းများတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူသည့် ပြည့်စုံရမည့် ဦးတည်ချက်များကို ချမှတ်သင်ကြား လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးထားမြတ်နိုးပြီး အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လည်း လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ အဘက်ဘက်မှ ထူးချွန်ပြည့်စုံသည့် နိုင်ငံတော်က အားကိုးထိုက်သည့် လူတော်လူကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

နိုင်ငံသား တစ်ယောက်၏ ကျင့်ဝတ်သိက္ခာနှင့်အညီ တန်ဖိုးရှိစွာ နေထိုင်တတ်ပြီး ထူးချွန်ထက်မြက်သည့် လူရည်ချွန်လူရည်မွန်များ ဖြစ်အောင် ဆက်လက်ကြိုးစားကြရန်၊ နိုင်ငံနှင့်လူမျိုးအကျိုးကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များနှင့် သစ္စာရှိရှိ အားမာန်အပြည့်ဖြင့် သယ်ပိုးထမ်းရွက်ကြရန်၊ နိုင်ငံ့အနာဂတ်ကို ပညာဖြင့် ထုဆစ်ပုံဖော်နိုင်သည့် ရှေ့ဆောင်လမ်းပြကောင်းများဖြစ်စေရေး ဘဝတွင် အောင်မြင်မှုများရအောင် ကြိုးပမ်းကြရန်၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင်လည်း ကျရာကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ကျေပွန်အောင် ပူးပေါင်းပါဝင်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။ စာမျက်နှာ ၅ သို့ ☆



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ဆုရရှိသည့် ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**✧ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်ခုကို ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံသားများ၏ အသိဉာဏ်ပညာ ပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ်ကောင်းမွန်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းတတ်မှု စသည့်အရည်အချင်းများသည် အဓိကကျပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် ဘက်စုံထူးချွန်ပြီးစွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံသားများ၏စွမ်းပကားနှင့် ခေတ်မီနိုင်ငံတော်သစ်ကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မည်**

☆ စာမျက်နှာ ၄ မှ

ဆက်လက်၍ နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသား ကျောင်းသူများ ဖြစ်ကြသော မသီရိစိုး၊ မအေးချမ်းမြေ့၊ မောင်စည်သူဗိုလ်၊ မသက်နှင်းစံ၊ မောင်ဉာဏ်ဟိန်းဇေ၊ မမေဇင်ဖုန်းမြတ်၊ မအိကေဇင်၊ မသင်းပျံ့ပြည့်စုံခင်၊ မောင်ဘုန်းတေဇသွေး၊ မဆောင်းနှင်းဖြူနှင့် မခင်ငြိမ်းစုတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆု ရရှိသည့် ကျောင်းသား ကျောင်းသူ ၁၁ ဦးအားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆု ရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူ ငါးဦးနှင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ငါးဦးအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ကိုယ်စား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ပုသိမ်)မှ မနှင်းဝင့်ထည်က ကျေးဇူးတင်စကား ပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်အစိုးရ အနေဖြင့် ကျောင်းသား လူငယ်များကို အရည်အသွေးမြင့် ပညာတတ်လူသားကောင်းများ ဖြစ်စေရန် အတွက် အဘက်ဘက်မှ စေတနာထား ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိနေသည်ကို မိမိတို့အနေဖြင့် လက်တွေ့ခံစားခဲ့ရပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့လူငယ်များအနေဖြင့် ရရှိခဲ့သည့်အခွင့်အရေးကို အပြည့်အဝအသုံးချပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်း အားထုတ်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများကို ရရှိခဲ့ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့၏ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုပြီး နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှောက်ပေးသည့်အတွက်နိုင်ငံတော်သမ္မတကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ယခုကဲ့သို့ အောင်မြင်မှုများ ရရှိခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် အထောက်အပံ့ ကောင်းများကြောင့်ဖြစ်သည်ကို လေးစားစွာ တင်ပြလိုပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ကျေးဇူးတရားကို လေးလေးနက်နက်ခံယူပြီး နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာစောင့်သိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် နေထိုင်သွားမည်ဟု သန္နိဋ္ဌာန်ပြုပါကြောင်း၊ မိမိတို့ လေ့လာသင်ယူခဲ့သည့် ပညာရပ်ဗဟုသုတများနှင့် အများအကျိုးသယ်ပိုးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ပညာတတ်လူလိမ္မာများဖြစ်အောင် ကျင့်ကြံနေထိုင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကို ချစ်မြတ်နိုးပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်မှ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားမည်ဟု ထူးချွန်ကျောင်းသား ကျောင်းသူများကိုယ်စား ကတိပြုအပ်ပါကြောင်း ပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော် ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက "ထူးချွန်သူတို့ ဂုဏ်ပြုစို့" တေးသီချင်းဖြင့် သရုပ်ဖော် ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆုရကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်သမ္မတက ထူးချွန်ကျောင်းသား ကျောင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသူ လူငယ်မောင်မယ်လေးများက "ပညာဂုဏ်ရည်မြင့်မား နိုင်ငံ့ကြယ်ပွင့်များ" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြစဉ်။



၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ကိုယ်စား အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(ပုသိမ်) မှ မနှင်းဝင့်ထည်က ကျေးဇူးတင်စကား ပြောကြားစဉ်။

---

○ ရထားမှ

ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ RBE ရထားဖြင့် လိုက်ပါစီးနင်းပြီး ပြင်ဦးလွင်-ဂုတ်ထိပ် ရထားလမ်းပိုင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရထားလမ်းဘေးဝဲ/ယာ တောချုံခုတ်ရန်၊ မြက်ပင်ပေါင်းပင်များ ရှင်းလင်းရန်၊ တောင်ကြားဖြတ်သန်းသည့် နေရာများတွင် သံလမ်းဘေးဝဲ/ယာ၌ ရေများမဝပ်စေရန် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများပြုလုပ်ရန်၊ တောင်မြေပြိုပြီး သံလမ်းအား မြေကြီးများ မဖုံးစေရေးဆောင်ရွက်ထားရန်နှင့် နောင်ချိုနှင့် ဂုတ်ထိပ်ဘူတာအကြား တံတားအမှတ်(၂၃၂) အနီးတွင် တောင်ကျရေများကြောင့် သံလမ်းပေါ်ရေကျော်ခဲ့ခြင်းများ မဖြစ်စေရန် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျောက်စီရေမြောင်းဖြင့် စနစ်တကျဆောင်ရွက်ထားရှိရန် မှာကြားသည်။

ထို့ပြင် ဂုတ်ထိပ်ဘူတာသို့ရောက်ရှိပြီး ဘူတာသန့်ရှင်းသာယာရေးနှင့် ဝန်ထမ်းလိုင်းခန်းများ ကောင်းမွန်ရေးအတွက် ပြုပြင်ဆောင်ရွက်ပေးရန်၊ တံတား၏ ပြင်ဦးလွင်ဘက်အခြမ်း တံတားအဝင်ညာဘက်ခြမ်း မြေသားထပ်မံဖို့ရန်၊ သမိုင်းဝင်ဂုတ်ထိပ်တံတားပေါ်သို့ RBE ရထားဖြင့် လိုက်ပါစီးနင်းကာ တံတားကြံ့ခိုင်ရေးနှင့် သန့်ရှင်းသပ်ရပ်ရေးတို့အတွက် ဆေးသုတ်ပြုပြင်ထားရှိမှု၊ တံတားတိုင်အောင်ခြေပတ်လည်တွင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများအား ပျက်စီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းသွားရန်၊ တံတားကြမ်းခင်းပေါ်တွင် ရေတင်နေသဖြင့် ရေထွက်ပေါက်ပြုလုပ်ရန်၊ တံတားဇလီဖားဆွေးများ လဲလှယ်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆင္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေး စခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။



(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ မျက်လှည့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အဖွဲ့လေးဖွဲ့က သိပ္ပံဆိုင်ရာ သဘောတရားများနှင့် လက်လှည့်ပညာများကိုအသုံးပြု၍ ပရိသတ်၏ အမြင်နှင့်အာရုံကို လှည့်စားကာ လေ့ကျင့်မှု၊ နည်းပညာများဖြင့် ပေါင်းစပ်ကာ တစ်ဦးချင်း အနီးကပ်ပြကွက်၊ စင်တင်အလတ်စားနှင့် အကြီးစားပြကွက်များကို အားပါးတရ ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှု အားပေးကြကြောင်း သိရသည်။ **သတင်းစဉ်**

---

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော် အဆောက်အအုံ ပြည်သူ့ လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ခိုင်မြဲသည့် ဆက်ဆံရေးရှိ**

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာ-ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ တရားဝင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြသည်မှာ (၇၈)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၍ တိုးတက် ခိုင်မြဲသည့် ဆက်ဆံရေးရှိပါကြောင်း၊ အဆွေတော် တာဝန် ထမ်းဆောင်စဉ် ကာလအတွင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက် ခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံသာမက သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ နှစ်နိုင်ငံပြည်သူချင်း အကျိုးတူ ပူးပေါင်း ဆောင်ရွက်မှုများအရ နက်ရှိုင်းသည့် ဆက်ဆံမှုများရှိပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံဖြတ်ကျော် မှုခင်းများ၊ မူးယစ်ဆေးဝါးများ၊ လူကုန်ကူးမှုများနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်ရေးနှင့် နှစ်နိုင်ငံ ကုန်သွယ်မှု လုပ်ငန်းများတွင် ထဲထဲဝင်ဝင် အရှိန်အဟုန်မြင့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အဆွေတော်တို့နိုင်ငံကဲ့သို့ပင် လွှတ်တော်နှစ်ရပ် ဖြစ်သည့် Bicameral System ဖြစ်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်ဟူ၍ ရှိပါကြောင်း၊ မြန်မာ-ထိုင်း လွှတ်တော်နှစ်ရပ် အကြား လွှတ်တော်အချင်းချင်း၊ ကော်မတီအချင်းချင်း၊ လူငယ်နှင့် အမျိုးသမီးပူးပေါင်းဆောင်ရွက်မှု များ မြှင့်တင်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်တွင် မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံပါလီမန်များညီလာခံ (AIPA)နှင့် နိုင်ငံတကာပါလီမန် များအဖွဲ့(IPU)တို့တွင် အဖွဲ့ဝင် နိုင်ငံများ ဖြစ်ပါကြောင်းနှင့် (AIPA) တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ထဲထဲဝင်ဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊



ထို့ပြင် မိမိတို့လွှတ်တော်အနေဖြင့် ထိုင်းကုမ္ပဏီများ အပါအဝင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ စီးပွားရေးလုပ်ကိုင်ရာတွင် ပိုမို လွယ်ကူချောမွေ့စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများ၏ တရားဝင်အခွင့်အရေးများ ရရှိရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံမိသားစုဖြစ်သည့်အတွက် အချင်းချင်းနားလည်မှုများ၊ ယုံကြည်မှုများဖြင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံသံအမတ်ကြီးက ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည်မှာ (၇၈)နှစ် ပြည့်မြောက်ပြီးဖြစ်၍ မိမိတာဝန်ထမ်းဆောင်စဉ်ကာလတွင် နှစ်(၈၀)ပြည့် အခမ်းအနားကို ပြုလုပ်ရမည် ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ထိုင်းနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌကလည်း အဆွေတော်ထံ နှုတ်ခွန်းဆက်သကြောင်းကို အမှာစကားပါးလိုက်ပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အခါအခွင့်သင့်သည့်အချိန်တွင် အဆွေတော်အား ထိုင်းနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ကြားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် အစိုးရနှင့်လွှတ်တော်များပေါ်ပေါက်လာခဲ့ပါကြောင်း၊ အဆွေတော် အနေဖြင့် ပြည်သူ့လွှတ်တော်တွင် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားသည်ကို သိရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ လူငယ်နှင့် အမျိုးသမီးကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ လာရောက်လုပ်ကိုင်နေသည့် အလုပ်သမားများအရေးနှင့် စပ်လျဉ်း၍ ကူညီစောင့်ရှောက်မှုပေးသွားမည် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အာဆီယံပါလီမန်များညီလာခံ(AIPA)နှင့် နိုင်ငံတကာ ပါလီမန်များအဖွဲ့(IPU)တို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်၍ ပေါင်းစပ် ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်ကျော်သူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ ထိုင်းနိုင်ငံသံရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Tor Saralamba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်နှင့်အတူ သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့်အတူ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များ၊ လက်နက်၊ ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှု တားဆီးထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၁**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Bulochnikov Anatoly Mikhailovich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ်(၁) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ ချုပ်ဆိုထားရှိမှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးအတွက် ဦးစားပေးမြှင့်တင်မည့်ကဏ္ဍများနှင့် နယ်ပယ်များ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပြုနိုင်မှုများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားရှိမှု အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွယ်ကူချောမွေ့စေရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များကိုရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



✱ ၂၀၂၇မှ

ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၃၅ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုဝင်ဘာ ၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကို ငါးသင်း ခုနစ်အုပ်စုခွဲ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် တစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ခြေစစ်ပွဲ အုပ်စုမဲခွဲမှုအရ အုပ်စု(A)တွင် အင်ဒိုနီးရှား၊ မြန်မာ၊ အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အုပ်စု(B)တွင် ထိုင်း၊ အီရတ်၊ ဟောင်ကောင်၊ တရုတ် (တိုင်ပေ)၊ မော်လ်ဒိုက်၊ အုပ်စု(C)တွင် ယူအေအီး၊ ဘင်္ဂလားဒေ့ရှ်၊ ဆီးရီးယား၊ ဘူတန်၊ မကာအို၊ အုပ်စု(D)တွင် အီရန်၊ လာအို၊ ဂျော်ဒန်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အုပ်စု(E)တွင် အိန္ဒိယ၊ မလေးရှား၊ ပါလက်စတိုင်း၊ စင်ကာပူ၊ ဂူအမ်၊ အုပ်စု(F)တွင် ယီမင်၊ တာ့ခ်မင်နစ္စတန်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယား၊ မြောက်မာရီယာနာကျွန်းစု၊ အုပ်စု(G)တွင် အိုမန်၊ ကူဝိတ်၊ ဘာရိန်း၊ လက်ဘနွန်၊ ဘရူနိုင်းအသင်းတို့ပါဝင်သည်။

နောက်ဆုံးအဆင့်တွင် အိမ်ရှင် ဥဇဘက်ကစ္စတန်၊ ကာတာ၊ ဂျပန်၊ တရုတ်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ တာဂျစ်ကစ္စတန်နှင့် ဗီယက်နမ် အသင်းတို့မှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားသည်။ မြန်မာအသင်းပါဝင်သော အုပ်စု(A) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၃၁

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြင့်ခိုင်မာစေရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

**သတင်းစဉ်**

## သဃ်န်းကျွန်းမြို့နယ်၌ ဝေဇယန္တာရောင်းဝယ်ရေးသမဝါယမအသင်း စည်းဝေး

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဇ(တောင်)ရပ်ကွက် ဥက္ကလာဦးဘုရားလမ်း အမက (၃၈) ခန်းမ၌ ယမန်နေ့မွန်းလွဲ ၃ နာရီက ကျင်းပသည်။

**ရွေးချယ်တင်မြှောက်**

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဃ်န်းကျွန်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အမှုဆောင်သစ်ရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အသင်းသားများအား အစုအပေါ် အမြတ်များထုတ်ပေးကာ အသင်းသားများ၏ အတည်ပြုချက်ဖြင့် အမှုဆောင်သစ် ငါးဦး ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၁၉ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၂၄ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ယင်းနောက် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြိတ်မြို့နယ်၌ စိုက်ပျိုးရေးစနစ် စီမံကိန်းအကြောင်းအရာများ ရှင်းလင်း

မြိတ် ဩဂုတ် ၃၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ်စီမံကိန်းဆောင်ရွက်မည့် အကြောင်းအရာများကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ရှင်းလင်းသည်။

စီမံကိန်းသည် သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ်ဖြစ်ကာ နည်းလမ်းသုံးသွယ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ထွန်ယက်စိုက်ပျိုးချိန်အမီ စက်ကိရိယာများ ဖြည့်ဆည်းပေးနိုင်ရန်နှင့် စိုက်ကေများ အထွက်နှုန်းကောင်းရန်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်အဖြစ် နည်းစနစ်ကျသည့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



## News and News Article Writing သင်တန်းဖွင့်လှစ် ပြန်ကြားရေးဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်




နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ ဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန်၊ သတင်းနှင့် သတင်းဆောင်းပါးများ ရေးသားရာတွင် အတွေ့အကြုံများမျှဝေပြီး သတင်းတန်ဖိုး အကဲဖြတ်နိုင်စွမ်း ဖွံ့ဖြိုးစေရန်၊ ခေတ်မီဒီဂျစ်တယ် သတင်းတင်ဆက်မှု နည်းပညာများ လက်တွေ့သင်ကြားနိုင်ရန်၊ သတင်းမီဒီယာ ကျင့်ဝတ်နှင့်အညီ ပြောဆိုဆွေးနွေးနိုင်ရန်၊ လူမှုအသိုက်အဝန်းအတွက် အကျိုးပြုသည့် သတင်းမီဒီယာ၏ အခန်းကဏ္ဍ တိုးမြှင့်လာစေရန်နှင့် နိုင်ငံတကာသတင်းမီဒီယာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ကိုင်နိုင်မှု မြှင့်တင်နိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် News and News Article Writing သင်တန်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur က ယခုသင်တန်းတွင် သတင်းနှင့်သတင်းဆောင်းပါး ရေးသားခြင်း၊ ပြန်လည်တုံ့ပြန်ချေပပြောဆိုမှု သတင်းဆန်းစစ်ချက်၊ မီဒီယာစောင့်ကြည့်လေ့လာမှု၊ ဒီဂျစ်တယ်ဆက်သွယ်ရေးနှင့် အကျပ်အတည်းဆိုင်ရာ ဆက်သွယ်ပြောဆိုမှုများစသည့် ကဏ္ဍများကို ထည့်သွင်း သင်ကြားပေးမည်ဖြစ်ပြီး မီဒီယာလုပ်ငန်းများအတွက် ဆန်းသစ်သော အသိအမြင်များကို ရရှိစေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**မြှင့်တင်ဆောင်ရွက်**

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်းမှရရှိသည့် သတင်းရေးသားရာတွင် လိုအပ်သောအသိပညာများ၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ၊ နိုင်ငံတကာစံနယ်ဇင်း ကျင့်ဝတ်များကို လေ့လာနိုင်ကြပြီး ပြည်သူများထံ တိကျမှန်ကန်သည့် သတင်းအချက်အလက်များ ရေးသားတင်ပြနိုင်မည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မီဒီယာကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုများမှတစ်ဆင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု ဆတက်ထမ်းပိုး မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနတို့ပူးပေါင်းပြီး India Technical and Economic Cooperation (ITEC) Programme အရ အဆိုပါ News and News Article Writing သင်တန်းကို ဩဂုတ် ၃၁ မှ စက်တင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ ပြန်ကြားရေးဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြောင်းနှင့် အိန္ဒိယနိုင်ငံမှ မီဒီယာကျွမ်းကျင်သူ နည်းပြနှစ်ဦးဖြင့် ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**ကြေညာချက်အမှတ် (၄ /၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်) အင်္ဂါနေ့၊ ၁၀၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)အောင်လင်းဒွေး
နာယက

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ် ( ၃ / ၂၀၂၆ )**

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**တတိယအကြိမ် ပြည်သူ့လွှတ်တော်**
**တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)
ခင်ရီ
ဥက္ကဋ္ဌ

## တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ် ( ၂ /၂၀၂၆ )**

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**တတိယအကြိမ် အမျိုးသားလွှတ်တော်**
**တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေးကိုနေပြည်တော်၌ ၁၃၈၈ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီ အချိန်တွင် စတင်ကျင်းပရန်ခေါ်ယူ ကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော် ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့ လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါ အစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိ သည်ဖြစ်စေ နေပြည်တော် ပြည်သူ့လွှတ်တော်ရုံး ရေးရာဆောင်အမှတ် – ၁ (I – 1) သို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (သောကြာနေ့) ထက်မစော စက်တင်ဘာလ ၁၉ ရက် (စနေနေ့)ထက်နောက်မကျ စေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် လွှတ်တော် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြ ရန် ဖြစ်ပါသည်။

သတင်းစဉ်

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော် ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃၁**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီ အချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိ သည်ဖြစ်စေ နေပြည်တော် အမျိုးသားလွှတ်တော်ရုံး ရေးရာဆောင်အမှတ်– ၁၉ (I –19)သို့ **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် (စနေနေ့) ထက်မစော စက်တင်ဘာလ ၂၀ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ** ရုံးချိန်အတွင်း သတင်းပို့ကြရန် နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ဖြစ်ပါသည်။

သတင်းစဉ်

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ



**မုံရွာ ဩဂုတ် ၃၁**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက် မြောက်နေ့ကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာမြို့ လွှတ်တော်အဆောက်အအုံရှိ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဖြေကြား**

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ကြယ်ပွင့်ပြထားသည့်မေးခွန်း ၁၀ ခုကို မေးမြန်းကြရာ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီး များက ဖြေကြားကြသည်။

ထို့နောက် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသ ကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး လေရှီးမြို့နယ် လွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဒေါ်ဆန်းစစ်ရှီးက ကော်မတီ၏ "လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ" ကို လွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်ကိုယ်စားလှယ် အားလုံးက သဘောတူသည့်အတွက် လွှတ်တော် ဥက္ကဋ္ဌက မှတ်တမ်းတင်ကြောင်း ကြေညာခဲ့သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် တတိယပုံမှန်အစည်း အဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာ သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**ပြင်ဦးလွင် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆– ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံး ငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပြင်ဦးလွင်မြို့ရှောင်လမ်းမှ နောင်လှိုင်လမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက် နေမှုကို တာဝန်ရှိသူများက ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

**များစွာအကျိုးပြုမည်**

အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာငါးရွာ၊ အိမ်ခြေ ၈၂၀၊ လူဦးရေ ၂၈၉၃ ဦး ၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက် ထုတ်ကုန်များ ဈေးကွက်သို့တင်ပို့ရောင်းချရာ တွင် များစွာအကျိုးပြုမည်ဖြစ်ပါကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပသည့် အကြိမ်(၂၀)မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲနှင့် ဆက်စပ်အစီအစဉ်များသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဩဂုတ် ၃၁

ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဟိုချီမင်းမြို့ ပြည်သူ့ရေးရာကော်မတီတို့၏ ဦးဆောင်မှုဖြင့် အကြိမ်(၂၀)မြောက် ဟိုချီမင်း အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲနှင့် ဆက်စပ်အစည်းအဝေးများကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။



ခရီးစဉ်အတွင်း အကြိမ်(၂၀)မြောက် ဟိုချီမင်း အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲအထိမ်းအမှတ် ကြိုဆိုညစာစားပွဲနှင့် Vietnam Night ကို "The Beat of ITE HCMC" ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၆ ရက်တွင် GEM Center ၌ကျင်းပရာ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဟိုချီမင်းမြို့တော် ပါတီကော်မတီ၊ ဟိုချီမင်းပြည်သူ့ကော်မတီ၊ ဟိုချီမင်းမြို့တော်နှင့် ပြည်နယ်ကော်မတီများမှ တာဝန်ရှိသူများ၊ CLMV နှင့် ACMECS နိုင်ငံများ၏ ခရီးသွားလာရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) မှ တာဝန်ရှိသူများ၊ နိုင်ငံတကာမြို့များမှ မြို့တော်ဝန်နှင့် အုပ်ချုပ်သူများ၊ ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၊ ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့ရှိ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများ၊ ပြပွဲသို့ တက်ရောက်လာသည့်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် Buyer ၊ Seller များ၊ Media များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ အကြိမ်(၂၀)မြောက် ဟိုချီမင်း အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်တွင် SECC – Exhibition Hall ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ခရီးသွားပြပွဲအတွင်း မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်းနှင့် အခြားနိုင်ငံများမှ နိုင်ငံအလိုက်ဖွင့်လှစ်ထားသည့် ခရီးသွားပြခန်းများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများမှ ဖွင့်လှစ်ထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ MICE အဆင့်မြင့်ခရီးသွားလုပ်ငန်း ဖိုရမ်ကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြပြီး အဆိုပါဖိုရမ်တွင် ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဟိုချီမင်းပြည်သူ့ကော်မတီ၏ ဒုတိယအမြဲတမ်းဥက္ကဋ္ဌ၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားဝန်ကြီးဌာန ဝန်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကာ MICE ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို Keynote Speaker များက ဆွေးနွေးတင်ပြခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၇)ကြိမ်မြောက် ACMECS ခရီးသွားဝန်ကြီးများ အစည်းအဝေးကို REX Hotel ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းနောက် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ခရီးသွားဝန်ကြီးများ အဆင့်အစည်းအဝေးနှင့် သတင်းစာရှင်းလင်းပွဲ အစီအစဉ်ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အကြိမ်(၂၀)မြောက် ဟိုချီမင်း အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ မှ ခရီးစဉ်ဝယ်ယူသူများ၊ ရောင်းချသူများနှင့် ပြခန်းပါဝင်ပြသသူများ တက်ရောက်ခဲ့ပြီး (၇)ကြိမ်မြောက် ACMECS ခရီးသွားဝန်ကြီးများ အစည်းအဝေးနှင့် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ခရီးသွားဝန်ကြီးများ အစည်းအဝေးသို့ သက်ဆိုင်ရာနိုင်ငံများမှ ခရီးသွားဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတွင် ပထမဆုံး ငလျင်ဒဏ်လျှော့ချသည့်နည်းပညာ (Base Isolation System) အသုံးပြု၍ Base Isolator ဆောက်လုပ်ရေးပစ္စည်းများ တပ်ဆင်ထည့်သွင်းတည်ဆောက်မည်

မန္တလေး ဩဂုတ် ၃၁

မြန်မာနိုင်ငံတွင် အင်အားပြင်း ငလျင်ကြီး လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး အဆောက်အအုံများပျက်စီးမှုကို လျှော့ချနိုင်ရေးအတွက် ပြည်တွင်းမှ ပညာရှင်များက တရုတ်နိုင်ငံတွင် ၂၀၀၈ ခုနှစ်က စီချွမ်ငလျင်လှုပ်ခတ်ခဲ့သည့် နေရာများ၊ Safetyinside Company ၏ Base Isolator ထုတ်လုပ်သည့် စက်ရုံနေရာများသို့ သွားရောက်လေ့လာပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကာ အဆောက်အအုံနှင့် မြေပြင်ကြားတွင် Base Isolator များကို တပ်ဆင်ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ပြီး ငလျင် လှုပ်ခတ်မှုကြောင့် အဆောက်အအုံ ပေါ်ကို သက်ရောက်လာနိုင်သည့် ငလျင်အင်အားနှင့် လှုပ်ရှားမှုများကို လျှော့ချပေးသည့် ခေတ်မီနည်းပညာတစ်ရပ် ဖြစ်ကြောင်း၊ ယခုတည်ဆောက်မည့် ၇၇ ပေ x ၈၃ ပေမြေဧရိယာ၌ တစ်ထပ်လျှင် ၁၁ ပေအမြင့်ရှိ Basement အပါ ငါးထပ်သံကူကွန်ကရစ်အဆောက်အအုံတွင် ငလျင်ဒဏ်လျှော့ချသည့်နည်းပညာ (Base Isolation System)ကို အသုံးပြု၍ Base Isolator ဆောက်လုပ်ရေးပစ္စည်းများကို တပ်ဆင်ထည့်သွင်း



တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ငလျင်ဒဏ် လျှော့ချသည့် နည်းပညာ (Base Isolation System) အသုံးပြု၍ အဆောက်အအုံအောက်ခြေတွင် Base Isolator များ တပ်ဆင်ထည့်သွင်းတည်ဆောက်သွားမည့် အဆောက်အအုံ ပန္နက်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး စီမံကိန်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ New Starlight Construction Co., Ltd. မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့၊ ငလျင်ကော်မတီ၊ အာရှနှင့် ပစိတ်ဖိတ်ဒေသ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မြို့ပြအင်ဂျင်နီယာများအသင်းတို့မှ တာဝန်ရှိသူများ၊ New Starlight Construction Co.,Ltd. မှ အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး New Starlight Construction Co.,Ltd. ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက တည်ဆောက်မည့် အဆောက်အအုံ၌ အဆောက်အအုံနှင့် မြေပြင်ကြားတွင် တပ်ဆင် ထည့်သွင်းသွားမည့် Base Isolator များကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်တင်၍ တွင်းတော်ဝန်းပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြကာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရမည်းသင်းမြို့နယ် ရွှေသက်တံ့ ငွေစုငွေချေးနှင့် ခရိုင်(GEC) သမဝါယမအသင်း စည်းဝေး

ရမည်းသင်း ဩဂုတ် ၃၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွှေသက်တံ့ ငွေစုငွေချေးနှင့် ခရိုင်(GEC) သမဝါယမအသင်းတို့၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မြို့နယ်သမဝါယမအသင်းစု သက်တံ့ရောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရွှေသက်တံ့ ငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ၊ ရွှေသက်တံ့ ငွေစုငွေချေးနှင့် ခရိုင်(GEC) သမဝါယမအသင်းတို့မှ အမှုဆောင်အဖွဲ့များနှင့် အသင်းသား အသင်းသူများ တက်ရောက်ပြီး အမှုဆောင်အဖွဲ့မှ အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ ရှေ့လုပ်ငန်းစဉ်အစီအစဉ်များကို ဖတ်ကြားတင်သွင်းပြီး တက်ရောက်လာသူများက ကန့်ကွက်မှုမရှိ ထောက်ခံကြသဖြင့် သဘာပတိက အတည်ပြုပေးခဲ့ကာ အစုပေါ်အမြတ်ငွေကျပ် ၈၂၀၀၀၀ နှင့် စုဆောင်းပေါ်အတိုးငွေကျပ် ၂၇၇၀၀၀၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ကိုဇော်(ရမည်းသင်း)**



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

# ဉာဏ်ရည်တုနည်းပညာဂေဟစနစ်

မောင်မျိုးခိုင် (ကွန်ပျူတာတက္ကသိုလ်)

**သဘာဝဂေဟစနစ်တွင် သက်ရှိသက်မဲ့များ အပြန်အလှန် အမှီသဟဲပြု ရှင်သန်ကြသကဲ့သို့ပင် ဉာဏ်ရည်တုနည်းပညာ (AI – Artificial Intelligence) သည်လည်း အစိတ်အပိုင်းများပေါင်းစပ်မှုဖြင့် အသက်ဝင်လှုပ်ရှားနေသော 'ဂေဟစနစ်' (AI Ecosystem) တစ်ခုဖြစ်ပါသည်။**

ကျွန်ုပ်တို့မြင်တွေ့နေရသည့် ဉာဏ်ရည်တုနည်းပညာ (AI) စနစ်များ၏ အဆင့်ပြေချောမွေ့မှုများ နောက်ကွယ်တွင် တန်ဖိုးရှိအချက်အလက်များ၊ ခိုင်မာသည့် အခြေခံအဆောက်အအုံ၊ ဆန်းပြားသော တွက်ချက်မှုစနစ်၊ လူသားတို့၏ မောင်းနှင်အားနှင့် တိကျသော ထိန်းကျောင်းမှုမူဝါဒ စသည့် အခြေခံအစိတ်အပိုင်းများက ဟန်ချက်ညီညီဖြင့် အဆက်မပြတ် လည်ပတ်ပေးနေရခြင်းဖြစ်သည်။ ထို့ကြောင့် ဤဆောင်းပါးတွင် အဆိုပါ AI ဂေဟစနစ် ရေရှည်ရှင်သန်ဖွံ့ဖြိုးပြီး လူသားထုအတွက် ကောင်းကျိုးပြုနိုင်စေရန် မရှိမဖြစ်လိုအပ်လှသော အဓိကကျသည့် အခြေခံအစိတ်အပိုင်း ခြောက်ခုကို တင်ပြသွားမည်ဖြစ်ပါသည်။

### အချက်အလက်များ

လူသားများတွင် အတွေ့အကြုံနှင့် အသိအမြင်ဗဟုသုတများသူက တွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားပြီး ဆုံးဖြတ်ချက်များ မှန်ကန်သကဲ့သို့ 'AI စနစ်များ' တွင်လည်း တိကျမှန်ကန်၍ အရည်အသွေးမြင့်မားသော အချက်အလက်အမြောက်အမြားမှ ထုတ်နုတ်ရယူထားသည့် 'အသိ' ရှိရန် လိုအပ်ပါသည်။ အချက်အလက်များသည် AI စနစ်များကို အသက်သွင်းမောင်းနှင်ပေးသည့် ပင်မ 'ကုန်ကြမ်းများ'ပင်ဖြစ်ပါသည်။ AI စနစ်တစ်ခု အသုံးဝင်ပြီး ဘေးကင်းစေရန် အရည်အသွေးပြည့် အချက်အလက်ပမာဏအမြောက်အမြား လိုအပ်ရုံသာမက ယင်းတို့၏ အရည်အသွေးမြင့်မားရန်လည်း လိုအပ်လှပါသည်။ ထို့ကြောင့် အချက်အလက်စုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်းသည် ဤဂေဟစနစ်၏ အခြေခံအကျဆုံးအဆင့်ပင်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် အမျိုးသားအဆင့် စံပြအချက်အလက်စုများကို စနစ်တကျ ပြုစုထားရှိရန် လိုအပ်ပါသည်။ သို့မှသာ မိမိတို့နိုင်ငံ၏ ရေမြေ၊ ယဉ်ကျေးမှု၊ စာပေနှင့် လူမှုစရိုက်လက္ခဏာများကို အမှန်တကယ် ကိုယ်စားပြုနိုင်သည့် AI စနစ်များ ထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် သုတေသနလုပ်ငန်းများအတွက် အခမဲ့ရယူနိုင်သော 'အများပြည်သူသုံး အချက်အလက်' (Open Data) စနစ်ကို ဖော်ဆောင်ပေးခြင်းဖြင့်လည်း အချက်အလက်စုများ ပိုမိုထွက်ပေါ်လာစေနိုင်မည်ဖြစ်ပါသည်။

မည်သည့်စနစ်တွင်မဆို ကုန်ကြမ်းကောင်းမှ ကုန်ချောကောင်းရသကဲ့သို့ အရည်အသွေးမြင့်မားသော အချက်အလက်များသည် အခြေခံအကျဆုံး အရင်းအမြစ်များပင်ဖြစ်ပါသည်။

### တွက်ချက်ပုံတွက်ချက်နည်းများ (Algorithms)

တွက်ချက်ပုံတွက်ချက်နည်း (သို့မဟုတ်) 'အယ်လ်ဂိုရသမ်' ဆိုသည်မှာ အချက်အလက်များကို မည်သို့မည်ပုံ အသုံးချရမည်ဆိုသည့် ညွှန်ကြားချက်များ (သို့မဟုတ်) AI ၏ 'အလုပ်လုပ်ပုံအဆင့်ဆင့်' ပင်ဖြစ်ပါသည်။ ယင်းသည် ဒေတာကုန်ကြမ်းများကို အသုံးဝင်သော 'အသိဉာဏ်ကုန်ချော'အဖြစ် ပြောင်းလဲပေးသည့် အဓိကယန္တရားဖြစ်သည်။ အယ်လ်ဂိုရသမ်များသည် ပြဿနာများကို ဖြေရှင်းခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို လုပ်ဆောင်ပါသည်။ ထို့ကြောင့် သက်ရှိများ၏ စဉ်းစားဆင်ခြင်မှုနှင့် အလားသဏ္ဍာန်တူပြီး AI ဂေဟစနစ်၏ 'ဦးနှောက်'ပင်ဖြစ်ပါသည်။

> **အဆင့်မြင့် AI စနစ်များတည်ဆောက်ရန် ဒေတာအရည်အသွေးကောင်းမွန်ရုံသာမက တွက်ချက်မှုစနစ်များပါ အဆင့်မြင့်ပြီး ဒေတာနှင့် လိုက်ဖက်ညီရန် လိုအပ်လှပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် နိုင်ငံတကာစနစ်များကို တိုက်ရိုက်ယူသုံးရုံမျှမကဘဲ မိမိတို့နိုင်ငံ၏ မိခင်ဘာသာစကားနှင့် ယဉ်ကျေးမှုကို နားလည်သော ပြည်တွင်းဖြစ် AI စနစ်များ ထွက်ပေါ်လာစေရန် 'ကိုယ်ပိုင်အချက်အလက်သုံး ကိုယ်ပိုင်တွက်ချက်မှုစနစ်များ' (Sovereign AI) အား အလေးပေးတီထွင်လာကြ**

အဆင့်မြင့် AI စနစ်များ တည်ဆောက်ရန် ဒေတာအရည်အသွေး ကောင်းမွန်ရုံသာမက တွက်ချက်မှုစနစ်များပါ အဆင့်မြင့်ပြီး ဒေတာနှင့် လိုက်ဖက်ညီရန် လိုအပ်လှပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် နိုင်ငံတကာစနစ်များကို တိုက်ရိုက်ယူသုံးရုံမျှမကဘဲ မိမိတို့နိုင်ငံ၏ မိခင်ဘာသာစကားနှင့် ယဉ်ကျေးမှုကိုနားလည်သော ပြည်တွင်းဖြစ် AI စနစ်များ ထွက်ပေါ်လာစေရန် 'ကိုယ်ပိုင်အချက်အလက်သုံး ကိုယ်ပိုင်တွက်ချက်မှုစနစ်များ' (Sovereign AI) အား အလေးပေးတီထွင်လာကြသည်ကို တွေ့ရှိရပါသည်။

### အခြေခံအဆောက်အအုံများ

AI ဂေဟစနစ် ရှင်သန်လည်ပတ်နိုင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံကောင်းများ လိုအပ်ပါသည်။ အခြေခံအားဖြင့် တွက်ချက်ရန်၊ သိုလှောင်ရန်နှင့် သယ်ယူပို့ဆောင်ရန်ဟူ၍ အပိုင်းသုံးပိုင်းခွဲခြားရှုမြင်နိုင်ပါသည်။ တစ်နည်းအားဖြင့် စက်ရုံများ၊ ဂိုဒေါင်များနှင့် သယ်ယူပို့ဆောင်ရေး အမြန်လမ်းမများဟူ၍လည်း တင်စားနိုင်ပါသည်။

ပထမဦးစွာ AI သည် လူသားတစ်ဦးကဲ့သို့ စဉ်းစားတွေးခေါ်နိုင်ရန်အတွက် အချက်အလက်သန်းပေါင်းများစွာကို အသုံးပြုလေ့ကျင့်ရပါသည်။ ဤသို့လေ့ကျင့်ပေးရန်နှင့် အဖြေရှာရန်အတွက် အလွန်မြင့်မားသော တွက်ချက်မှုစွမ်းအားများ လိုအပ်ပြီး ယင်းတို့ကို ကမ္ဘာတစ်လွှားရှိ 'Data Center' ခေါ် အချက်အလက်ဗဟိုဌာနကြီးများတွင် တည်ဆောက်ထားပါသည်။ အဆင့်မြင့် အထူးပြုချစ်ပ်ပြားများကဲ့သို့သော နည်းပညာမြင့်စက်ယန္တရားများက အရှိန်အဟုန်ဖြင့် မရပ်မနားအလုပ်လုပ်ကြရပြီး စက်များ အပူလွန်ကဲမသွားစေရန် အအေးပေးစနစ်နှင့် လျှပ်စစ်စွမ်းအင်အမြောက်အမြားကိုပါ အမြဲမပြတ် ဖြည့်ဆည်းပေးထားရပါသည်။

ဒုတိယအနေဖြင့် ထိုသို့တွက်ချက်ရာတွင် အသုံးပြုရန်အတွက် အချက်အလက်၊ စာသား၊ ရုပ်ပုံနှင့် ဗီဒီယိုကုန်ကြမ်း ပမာဏအများအပြားကို မြန်နှုန်းမြင့် ကွန်ပျူတာသိုလှောင်မှုစနစ်များတွင် စနစ်တကျ ထည့်သွင်းသိမ်းဆည်းထားကြရပါသည်။

တတိယအနေဖြင့် ကုန်ကြမ်းအချက်အလက်များကို တွက်ချက်ရေးစင်တာများသို့ ပို့ဆောင်ရန်နှင့် ထွက်လာသော AI ၏ ကုန်ချောအဖြေများကို အသုံးပြုသူများထံ အရောက်ပို့ဆောင်ပေးရန်အတွက် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ လိုအပ်ပါသည်။ ကမ္ဘာ့တိုက်ကြီးများကို ချိတ်ဆက်ထားသည့် ပင်လယ်ရေအောက် ဆက်သွယ်ရေးကေဘယ်လ်လိုင်းများနှင့် ကြိုးမဲ့စနစ်ဖြင့် ချိတ်ဆက်ထားသည့် 'အင်တာနက်ဂြိုဟ်တုကွန်ရက်များ' ဟုခေါ်သော ဆက်သွယ်ရေးလမ်းမကြီးများပင်ဖြစ်ပါသည်။

AI နည်းပညာများ မည်မျှပင် တိုးတက်စေကာမူ နောက်ကွယ်တွင် ဤအခြေခံအဆောက်အအုံသုံးခု အချိတ်အဆက်မိမိ ခိုင်မာစွာရှိနေမှသာ AI ဂေဟစနစ်ကြီးတစ်ခုလုံး ရေရှည်ရှင်သန် လည်ပတ်နိုင်မည်ဖြစ်ပါသည်။

### လူသားရင်းမြစ်များ

တက္ကသိုလ်များနှင့် သုတေသနဌာနများမှ ပညာရှင်များနှင့် နည်းပညာနယ်ပယ်မှ အတတ်ပညာရှင်များက 'AI ဂေဟစနစ်' ကို ရှေ့သို့တွန်းတင်ပေးနေသည့် 'သက်ရှိမောင်းနှင်အား လူသားအရင်းအမြစ်များ' ပင်ဖြစ်ပါသည်။ သုတေသနပညာရှင်များက တွက်ချက်မှုနည်းလမ်းအသစ်များကို တီထွင်ဖန်တီးပေးကြပြီး အတတ်ပညာရှင်များက အဆိုပါနည်းလမ်းများကို လက်တွေ့အကောင်အထည်ဖော်ရန်နှင့် ရှိရင်းစွဲစနစ်များကို အဆင့်မြှင့်တင်ရန် လုပ်ဆောင်ကြပါသည်။ ၎င်းတို့သည် နည်းပညာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းခြင်းဖြင့် ဂေဟစနစ်တစ်ခုလုံးကို ဆန်းသစ်တီထွင်မှုများဖြင့် အစဉ်မပြတ် လန်းဆန်းနေအောင် ပြုစုပျိုးထောင်ပေးနေသည့် ဗိသုကာပညာရှင်များ ဖြစ်ကြပါသည်။

### လုပ်ငန်းများ

သုတေသနနှင့် အတတ်ပညာရှင်များက AI ဂေဟစနစ်ကို ရှေ့သို့တွန်းတင်ပေးနေသကဲ့သို့ နည်းပညာကုမ္ပဏီများကလည်း လိုအပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် လက်တွေ့အသုံးချနိုင်သည့် AI စနစ်များကို ဖန်တီးကြပါသည်။ ယနေ့ခေတ် AI ဂေဟစနစ်တွင် OpenAI ၊ Google ၊ Microsoft ၊ DeepSeek ၊ Meta၊ xAI ကဲ့သို့သော နိုင်ငံတကာကုမ္ပဏီကြီးများရှိသကဲ့သို့ ဒေသအလိုက်နှင့် ကဏ္ဍအလိုက် AI လုပ်ငန်းသစ်များ (Startups) လည်း ပေါ်ထွန်းလျက်ရှိပါသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းရှိ ပညာရှင်များ အခမဲ့ပူးပေါင်းဖန်တီးနိုင်သောစနစ်များ (Open-Source AI) လည်း ပေါ်ထွန်းလျက်ရှိရာ ဂေဟစနစ်ကို ပိုမိုကျယ်ပြန့်စေလျက်ရှိပါသည်။

ဤနေရာတွင် ပင်မနည်းပညာကုမ္ပဏီများနှင့် နည်းပညာနှင့် ဆက်စပ်လုပ်ငန်းများဟူ၍ နှစ်မျိုးခွဲခြားရှုမြင်နိုင်ပါသည်။ ပင်မနည်းပညာကုမ္ပဏီများမှာ AI နည်းပညာထုတ်ကုန်ပစ္စည်းများနှင့် ဆော့ဖ်ဝဲများကို တိုက်ရိုက်သုတေသနပြုခြင်း၊ ဒီဇိုင်းဆွဲခြင်းနှင့် ထုတ်လုပ်ခြင်းများကို အဓိကလုပ်ဆောင်ကြပါသည်။ နည်းပညာနှင့် ဆက်စပ်လုပ်ငန်းများကမူ AI နည်းပညာကိုအခြေခံပြီး အခြားသောလုပ်ငန်းကဏ္ဍများအား ဝန်ဆောင်မှုပေးခြင်း (သို့မဟုတ်) နည်းပညာဖြင့် လုပ်ငန်းများကို ပိုမိုတွင်ကျယ်အောင် လုပ်ဆောင်ပေးသော ကုမ္ပဏီများဖြစ်ကြပါသည်။

### သုံးစွဲသူများ

AI ကို အသုံးပြုသည့်လူသားများသည် ဂေဟစနစ်၏ အရေးပါသော အစိတ်အပိုင်းဖြစ်ပါသည်။ အသုံးပြုသူများသည် AI ၏ ရလဒ်များကို လက်တွေ့ဘဝတွင် အသုံးချသူများဖြစ်သလို AI ကို ပိုမိုထက်မြက်လာအောင် ကူညီပေးသူများလည်းဖြစ်ကြပါသည်။ လူသားများက AI ကို အသုံးပြုလေလေ၊ AI က လူသားတို့၏ ပြုမူဆောင်ရွက်ပုံနှင့် လိုအပ်ချက်ကို ပိုမိုနားလည်လေလေဖြစ်ပါသည်။ အသုံးပြုသူများ၏ တုံ့ပြန်ချက်များသည် AI အတွက် နောက်ထပ် သင်ယူစရာအချက်အလက်များဖြစ်လာပြီး ဂေဟစနစ်ကို ပိုမိုခိုင်မာအားကောင်းစေပါသည်။

ထို့ပြင် AI နည်းပညာ တိုးတက်လာသည်နှင့်အမျှ လူသားသုံးစွဲသူများအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းခွင်စွမ်းရည်များကို ပိုမိုမြှင့်တင်ခြင်းနှင့် နည်းပညာသစ်များနှင့်အညီ စွမ်းရည်သစ်များ မွမ်းမံပျိုးထောင်ခြင်းတို့ကို အစဉ်မပြတ် လုပ်ဆောင်ခြင်းဖြင့် မိမိတို့ကိုယ်တိုင်လည်း ဤဂေဟစနစ်နှင့်အတူ လိုက်လျောညီထွေ ရှင်သန်တိုးတက်နေရန် လိုအပ်ပါသည်။

### စည်းမျဉ်း၊ စည်းကမ်းများနှင့် ထိန်းသိမ်းသူများ

AI ကြောင့် လူသားတို့ ဘေးဥပဒ်အန္တရာယ် မဖြစ်စေရန်၊ မမှန်ကန်သော အချက်အလက်များ မဖြန့်ဝေရန်နှင့် ခွဲခြားမှုများ မပါဝင်စေရန် ထိန်းကျောင်းရမည် ဖြစ်ပါသည်။ AI နည်းပညာကို အလွဲသုံးစားမလုပ်စေရန်၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုကို ထိန်းသိမ်းရန်နှင့် ဘက်လိုက်မှုများမရှိစေရန်အတွက် စည်းမျဉ်း၊ စည်းကမ်းများဖြင့် ထိန်းကျောင်းပေးကြရမည်ဖြစ်ပါသည်။

အထူးသဖြင့် ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးအနေဖြင့် ပြည်ပ AI ထုတ်ကုန်များအပေါ် မှီခိုသုံးစွဲခြင်းထက် မိမိတို့၏ယဉ်ကျေးမှု၊ ဘာသာစကားနှင့် လုံခြုံရေးတို့နှင့်ကိုက်ညီမည့် 'ကိုယ်ပိုင် AI စနစ်များ' (Sovereign AI) ကို အပြိုင်အဆိုင် တည်ဆောက်လာကြပြီး အတုအယောင်ဖန်တီးမှုများ၊ မူပိုင်ခွင့်ချိုးဖောက်မှုများနှင့် ပုဂ္ဂိုလ်ရေးအချက်အလက်လုံခြုံမှုတို့ကို အလေးထားလာကြပါသည်။ နိုင်ငံအလိုက် မိမိတို့နိုင်ငံ၏ AI မူဝါဒနှင့် လမ်းညွှန်ချက်များအား နိုင်ငံတကာစံနှုန်းများကိုအခြေခံကာ ရေးဆွဲကျင့်သုံးလျက်ရှိကြသည်ကို လေ့လာတွေ့ရှိရပါသည်။ **စာမျက်နှာ ၁၁ သို့** ❖

> **AI ဂေဟစနစ်သည် လူ၊ နည်းလမ်း၊ အခြေခံအဆောက်အအုံနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ဟန်ချက်ညီညီ ပေါင်းစပ်ဖွဲ့စည်းထားသည့် အသိုက်အဝန်းတစ်ခုဖြစ်ပြီး သဘာဝဂေဟစနစ်ပျက်စီးပါက သက်ရှိများရှင်သန်ရန်ခက်ခဲသကဲ့သို့ပင် AI ဂေဟစနစ်အတွင်းရှိ အစိတ်အပိုင်းတစ်ခုခု ချို့ယွင်းသွားပါက နည်းပညာ၏ ကောင်းကျိုးထက် ဆိုးကျိုးက ပိုမိုများပြားလာနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် AI နည်းပညာအား အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေကြသကဲ့သို့ပင် အဆိုပါဂေဟစနစ် ရေရှည်တည်တံ့ခိုင်မြဲပြီး လူသားထုအတွက် ဘေးကင်းလုံခြုံသော အကျိုးကျေးဇူးများ ပေးစွမ်းနိုင်စေရန် ဝိုင်းဝန်းပြုစုပျိုးထောင်သွားကြရမည်**

# စိမ်းလန်းသောပတ်ဝန်းကျင်၊ လုံခြုံသော လူမှုဘဝ၊ လူငယ်တို့၏ အခန်းကဏ္ဍမြှင့်တင်ရေး လူငယ်စကားဝိုင်း စစ်တွေမြို့၌ ကျင်းပ




စစ်တွေ ဩဂုတ် ၃၁

ရခိုင်ပြည်နယ် လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စိမ်းလန်းသောပတ်ဝန်းကျင်၊ လုံခြုံသော လူမှုဘဝ၊ လူငယ်တို့၏ အခန်းကဏ္ဍမြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ စစ်တွေတက္ကသိုလ် ရူပဗေဒဌာနမှ သရုပ်ပြ ဒေါ်မိုးမိုးသန်းက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အမှတ်(၁)၊ အမှတ်(၂)၊အမှတ်(၃)၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မကျည်းမြိုင်မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဖြေကြားကြသည်။

လူငယ်စကားဝိုင်းတွင် ရခိုင်ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီမှ ပေးပို့သော ဗီဒီယိုကလစ်ကို ပြသသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌက လူငယ်စကားဝိုင်းတွင် ဆွေးနွေးကြသည့် လူငယ်ကိုယ်စားလှယ်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး လန်းဆန်းနိုးထဥဩဇာစမ်း အစီအစဉ်ကျင်းပ၍ ဆုရရှိကြသူများအား လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့ ရခိုင်ပြည်နယ်ကိုယ်စားပြု တက်ရောက်ခဲ့သော လူငယ်ကိုယ်စားလှယ်များ၏ မှတ်တမ်း ဗီဒီယိုကလစ်ကို ပြသသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူမိဘများ၊ လူငယ်ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ထားဝယ်မြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ် အခမ်းအနား ကျင်းပ

ထားဝယ် ဩဂုတ် ၃၁

၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့်၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့ ပုလဲကေရီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ကျောင်းကျန်းမာရေးလုပ်ငန်း ထူးချွန်ဆုရကျောင်းများအား ဆုများ ပေးအပ်သည်။

ထို့ပြင် အသက် ငါးနှစ်အောက်ကလေးများအား အင်အားပြည့်ဗီတာမင်အေဆေးလုံး တိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား အဏုအာဟာရဆေးပြားများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထူးချွန်ကျောင်းသား ကျောင်းသူတွေ ထွက်ပေါ်လာဖို့ နိုင်ငံတော်ရဲ့ ဖြည့်ဆည်းပေးမှုနဲ့ ပြုစုပျိုးထောင်ပေးလိုတဲ့ စိတ်စေတနာကလည်း ၁၀၀ ရာခိုင်နှုန်း အရေးကြီးပါတယ်

**ဒေါ်သန်းနုနုစိန်**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ နိုင်ငံတော်အဆင့် ဂုဏ်ပြုချီးမြှင့်ခဲ့ရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများ၏ ဝမ်းသာပီတိစကားသံများကို ဖော်ပြလိုက်ရပါသည်။



မသီရိစိုး



မောင်ကောင်းထက်စံ



မဆောင်းနှစ်သစ်ဦး



ဒေါ်သန်းနုနုစိန်

**မသီရိစိုး (၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(STEAMS-1) အမှတ်အများဆုံးဆုရရှိသူ)**

ကျွန်မကတော့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ မြန်မာတစ်နိုင်ငံလုံး ပထမကို CAE ကိုယ်ပိုင်အထက်တန်းကျောင်းကနေ ရရှိခဲ့တာ ဖြစ်ပါတယ်။ စာသင်နှစ်အစကတည်းက ကျောင်းစာတွေကို တစ်ရက်စာ တစ်ရက် ပုံမှန်လေးပဲ လုပ်ခဲ့ပါတယ်။ နောက်ပြီး ဆရာ ဆရာမတွေ စာပေသင်ကြားပေးတဲ့အချိန်နဲ့ စာရှင်းပြတဲ့အချိန်တွေမှာလည်း ဂရုတစိုက်နဲ့ အကောင်းဆုံး ကြိုးစားခဲ့လို့ အောင်မြင်မှုရရှိခဲ့တာဖြစ်ပါတယ်။ ဒီနေ့ပွဲမှာ အခုလို နိုင်ငံတော်အခမ်းအနားကြီးနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်သမ္မတကြီးနဲ့ တာဝန်ရှိသူတွေကိုလည်း အလွန်ကိုမှ ကျေးဇူးတင်ပြီး ဝမ်းသာပီတိ ဖြစ်မိပါတယ်။ မိမိကိုယ်ကိုလည်း အလွန်ကို ဂုဏ်ယူမိပါတယ်။ ဆေးတက္ကသိုလ် ဆက်တက်ပြီး နိုင်ငံတော်နဲ့ ပြည်သူအကျိုးကို တတ်နိုင်တဲ့ဘက်က ပါဝင်ထမ်းဆောင်သွားပါမယ်။

**မောင်ကောင်းထက်စံ (၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် စက်မှု (စက်ပစ္စည်း) ဘာသာတွဲအမှတ်အများဆုံးဆုရရှိသူ)**

ကျွန်တော်ကတော့ အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ကြီး)က ကျောင်းသားတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ရည်မှန်းချက်ကတော့ ငယ်ငယ်ကတည်းက အင်ဂျင်နီယာ ဖြစ်ချင်တဲ့ စိတ်ဆန္ဒရှိခဲ့တာပါ။ အဲဒီဆန္ဒအတိုင်းပဲ နိုင်ငံတော်က အသစ်ဖွင့်လှစ်ပေးထားတဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းကို ရွေးချယ်တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျောင်းက ဆရာ ဆရာမတွေရဲ့ ကောင်းမွန်တဲ့ သင်ကြားပေးမှုကြောင့် အခုလို အောင်မြင်မှုကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလို ကျွန်တော်တို့ရဲ့ အောင်မြင်မှုကို အသိအမှတ်ပြုပေးပြီး ဆုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်က တာဝန်ရှိသူတွေကိုလည်း အင်မတန်မှ ကျေးဇူးတင်ရှိပါတယ်။ ဒီလို ဂုဏ်ပြုချီးမြှင့်မှုကြောင့်လည်း ကျောင်းသားလူငယ်တွေ ပိုမိုအားတက်ပြီး ကြိုးစားချင်စိတ်တွေ ဖြစ်လာမယ်လို့ယုံကြည်ပါတယ်။ ကျွန်တော့်ရဲ့ အနာဂတ်ရည်မှန်းချက်ဖြစ်တဲ့ Mechanical Engineering တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး နိုင်ငံတော်ရဲ့ လိုအပ်တဲ့နေရာတွေမှာ အကျိုးပြုလုပ်ငန်းတွေကို ဂုဏ်ယူစွာနဲ့ ဆောင်ရွက်သွားပါ့မယ်။

**မဆောင်းနှစ်သစ်ဦး (၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အမှတ်အများဆုံးဆုရရှိသူ)**

ကျွန်မအနေနဲ့ ဒီလိုအောင်မြင်မှုရရှိဖို့ စာသင်နှစ်စကတည်းက အစွမ်းကုန်ကြိုးစားလာခဲ့ရတာပါ။ အခုတော့ ကြိုးစားခဲ့သမျှတွေ အရာထင်လာခဲ့တဲ့အတွက် အလွန်ကို ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလိုမျိုး ကျွန်မတို့ရဲ့ ကြိုးစားမှုရလဒ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ ဂုဏ်ပြုပွဲကို နိုင်ငံတော်အဆင့် ကျင်းပ ချီးမြှင့်ပေးတဲ့အတွက် တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ နောင်အနာဂတ်မှာလည်း နိုင်ငံတော်အတွက် အကျိုးပြုပြီးတော့ လူတွေအားလုံးကို ကူညီပေးနိုင်တဲ့ ဆရာဝန်တစ်ယောက် ဖြစ်အောင်လို့ ဆက်လက်ကြိုးစားသွားပါ့မယ်။

**ဒေါ်သန်းနုနုစိန်( ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန)**

ပညာကို တန်ဖိုးထားတဲ့ ကျောင်းသားလူငယ်တွေ၊ကြိုးစားလိုစိတ်ရှိတဲ့ကလေးတွေ အများထက်သာလွန်ပြီး ထူးချွန်ထက်မြက်တဲ့ ကလေးတွေကို ဂုဏ်ပြုပေးတဲ့ပွဲ ဖြစ်တဲ့အပြင် ပညာကို ဆက်လက်သင်ယူလိုစိတ်ရှိဖို့အတွက် နိုင်ငံတော်အဆင့် အခမ်းအနားအနေနဲ့ ကျင်းပပေးတာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ အောင်မြင်မှုရရှိဖို့အတွက် ဆရာ ဆရာမတွေ၊ မိဘတွေ၊ ပညာရေးဝန်ထမ်းတွေရဲ့ ပံ့ပိုးမှုကတော့ ၁၀၀ ရာခိုင်နှုန်း အရေးကြီးပါတယ်။ ဒ့ါအပြင် ထူးချွန်ကျောင်းသား ကျောင်းသူတွေ ထွက်ပေါ်လာဖို့ နိုင်ငံတော်ရဲ့ ဖြည့်ဆည်းပေးမှုနဲ့ ပြုစုပျိုးထောင်ပေးလိုတဲ့ စိတ်စေတနာကလည်း ၁၀၀ ရာခိုင်နှုန်း အရေးကြီးပါတယ်။ ဒါကြောင့် ထူးချွန်ထက်မြက်တဲ့ လူငယ်တွေကို ဒီနေ့လို နိုင်ငံတော်အဆင့်အခမ်းအနားမှာ တစ်စုတစ်စည်းတည်း မြင်တွေ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

**သတင်းအဖွဲ့**

## ထိုင်းနိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာအခမဲ့ သုံးစွဲမှုမြှင့်တင်ဆောင်ရွက်




**ဗန်ကောက် ဩဂုတ် ၃၁**

ထိုင်းနိုင်ငံသည် နိုင်ငံအတွင်း ဉာဏ်ရည်တုနည်းပညာအခမဲ့သုံးစွဲမှုမြှင့်တင်ရေး စီမံကိန်းတစ်ခုအား ဩဂုတ် ၃၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

TH-AI Passport" project ဟု အမည်ရသည့် အဆိုပါစီမံကိန်းသည် အသက် ၁၅ နှစ်နှင့်အထက်ရှိ နိုင်ငံသား ငါးသန်းအား ဉာဏ်ရည်တုနည်းပညာ အခမဲ့သုံးစွဲမှုမြှင့်တင်ရန် အစိုးရက ကန်ဒေါ်လာ ၄၈ သန်းအကုန်အကျခံဆောင်ရွက်သည့် စီမံကိန်းဖြစ်သည်။ လုပ်ငန်းပေါင်း ၁၄ ခုမှ ဉာဏ်ရည်တုနည်းပညာမော်ဒယ် ၃၀ ကို သုံးစွဲနိုင်မည်ဖြစ်သည်။ အဆိုပါဝန်ဆောင်မှုအား အသုံးပြုရန်အတွက် နိုင်ငံသား ၁ ဒသမ ၃ သန်းက ကြိုတင်စာရင်းပေးခဲ့ကြောင်းနှင့် အဆိုပါစီမံကိန်းအရ နိုင်ငံသားများဉာဏ်ရည်တုနည်းပညာသုံးစွဲမှုမြှင့်တင်ရေး ဆောင်ရွက်နိုင်မည်ဟုယုံကြည်ကြောင်း အစိုးရကပြောကြားသည်။

Microsoft AI Economy Institute၏ အစီရင်ခံစာအရ ထိုင်းနိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာ အသုံးပြုမှုနှုန်းသည် ဇန်နဝါရီလမှ မတ်လအတွင်း ၁၂ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာသော်လည်း ကမ္ဘာ့ပျမ်းမျှ သုံးစွဲမှုရာခိုင်နှုန်းထက် နိမ့်ကျနေကြောင်း သိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် AI အသုံးပြုမှုအမြင့်ဆုံးအဆင့် ၇၀ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ပထမနေရာတွင် ရပ်တည်နေပြီး စင်ကာပူသည် ၆၃ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်ရှိနေကာ နော်ဝေသည် ၄၈ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ရှိနေသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**



## နီပေါနိုင်ငံ၌ ရွံ့နွံပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် ပြည်ပနိုင်ငံသား ၅၉၀ ပျောက်ဆုံး

**ခတ္တမန္ဒူ ဩဂုတ် ၃၁**

နီပေါနိုင်ငံတွင် ရွံ့နွံပြိုကျမှု ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံနှင့်ဒေသ ၃၉ ခုရှိ ပြည်ပနိုင်ငံသား ၅၉၀ ပျောက်ဆုံးနေကြောင်း နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၃၁ ရက်တွင် ပြောကြားသည်။

အဆိုပါ ရွံ့နွံပြိုကျမှုမှ ရုပ်အလောင်း ၉၀၃ ခုကို ပြန်လည်ရရှိခဲ့ကြောင်းနှင့် ဒေသခံ ၄၂၀၀ မှာ ပျောက်ဆုံးနေကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ လော့ဗဟာဒူးပေါ်ဒယ်ချက်တရီက ပြောကြားသည်။

နီပေါနိုင်ငံရှိ ပြည်ပသံရုံးများအနေဖြင့် သဘာဝဘေးနှင့်ပတ်သက်သည့် အချက်အလက်များအား မျှဝေပေးနေပြီး သက်ဆိုင်ရာနိုင်ငံများသို့ နိုင်ငံသားများပြန်လည်စေလွှတ်ရေးနှင့် သဘာဝဘေးဒဏ်ခံခဲ့ရသည့် နိုင်ငံသားများအတွက် အဆက်အသွယ်များရရှိရေး ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။ လက်ရှိအချိန်တွင် သဘာဝဘေးကျရောက်သည့် ဒေသများမှ ဒေသခံ ၁၀၀၀၀ အား ကယ်တင်ခဲ့ပြီး ၎င်းတို့အနက်မှ ၃၂၃ ဦးမှာ ပြည်ပနိုင်ငံသားများဖြစ်ကြောင်း သိရသည်။ လက်ရှိသဘာဝဘေးကျရောက်နေသည့် ကာလအတွင်း နီပေါအစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမှ အကူအညီများအား ရရှိခဲ့ကြောင်းနှင့် တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အမေရိကန်နှင့် အခြားပြည်ပနိုင်ငံတို့မှ ကူညီခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## နီပေါနိုင်ငံ သဘာဝဘေးအတွင်း တရုတ်နိုင်ငံသားများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကယ်ဆယ်ခဲ့ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောကြား

**ပေကျင်း ဩဂုတ် ၃၁**

နီပေါနိုင်ငံရှိ သဘာဝဘေးကျရောက်သည့် ဒေသများသို့ရောက်ရှိနေသည့် အဆက်အသွယ်ရရှိသောတရုတ်နိုင်ငံသားများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကယ်ဆယ်ခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂါအိုဂျီကန်က ဩဂုတ် ၃၁ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းနှင့် ပြည်ပရှိ သဘာဝဘေးများအတွင်း ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများပြုလုပ်နေကြောင်းနှင့် ပြည်ပနိုင်ငံသားများအား ရှာဖွေကယ်ဆယ်ရေးအတွက် နိုင်ငံအတွင်းရှိ ပြည်ပနိုင်ငံသံရုံးများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။ တရုတ်အစိုးရအနေဖြင့် နီပေါနိုင်ငံသို့ အရေးပေါ်လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီနှင့် ထောက်ပံ့ငွေများ ပေးအပ်နေကြောင်းနှင့် လက်ရှိအချိန်တွင် ပထမအသုတ်ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၅၀ သည် ခတ္တမန္ဒူမြို့သို့ ရောက်ရှိလာခဲ့ပြီး တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးပညာရှင်များပါဝင်သည့် အဖွဲ့နှစ်ဖွဲ့သည် နီပေါနိုင်ငံရှိ သဘာဝဘေးကျရောက်နေသည့် ဒေသများသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် နီပေါနိုင်ငံဘက်သို့ သဘာဝဘေးကျရောက်နေသည့် ဒေသများမှ ရုပ်ပုံများ၊ ဂြိုဟ်တုဆိုင်ရာအချက်အလက်နှင့် ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက်ကဲ့သို့သော အရေးကြီးသော အချက်အလက်များကို မျှဝေခဲ့ပြီး သဘာဝဘေးအတွင်းသောင်တင်နေသည့် နီပေါနိုင်ငံသားများကိုလည်း နိုင်ငံသို့ပြန်နိုင်ရန် ကူညီခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ဂျော်ဒန်နိုင်ငံရှိ အမေရိကန်ပစ်မှတ်များအား တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ပြောကြား

**တီဟီရန် ဩဂုတ် ၃၁**

ဂျော်ဒန်နိုင်ငံရှိ အမေရိကန်ပစ်မှတ်များကို ဒရုန်းယာဉ်များ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ အာကာသတပ်ဖွဲ့က ဩဂုတ် ၃၁ ရက်တွင် ပြောကြားသည်။

ယခုတိုက်ခိုက်မှုသည် အီရန်နိုင်ငံတောင်ပိုင်း ဟော်မိုဂန်ပြည်နယ် လာရတ်ကျွန်းအား အမေရိကန်နှင့် အစ္စရေးတပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်မှုကို တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ တရားဝင်သတင်းဌာနဖြစ်သည့် ဆီပါးသတင်းဌာနမှ ထုတ်ပြန်သည့် သတင်းအရ သိရသည်။

အဆိုပါတိုက်ခိုက်မှုတွင် ဘုရင်ဟူစိန်လေတပ်စခန်းနှင့် အယ်လ်အဇီရတ် လေတပ်စခန်းများရှိ စက်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ အခြေခံအဆောက်အအုံများအပါအဝင် လေယာဉ်ရုံများပါ ထိခိုက်ခဲ့ကြောင်း သိရသည်။ ယခုတိုက်ခိုက်မှုသည် ရန်လိုသူများအား အပြစ်ပေးခြင်းဖြစ်ပြီး ရန်သူများအနေဖြင့် ရန်လိုခြင်းနှင့် မှုခင်းများ ကျူးလွန်ခြင်းဖြင့် အီရန်၏ ဟော်မုဇ်ရေလက်ကြား ထိန်းသိမ်းထားခြင်းကို ထိခိုက်စေရေး ဆောင်ရွက်၍ မရကြောင်း ပြသခြင်းဖြစ်သည်ဟု အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့ကပြောကြားသည်။

ရန်သူများအနေဖြင့် စစ်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်းဖြင့် ဆိုးရွားသည့် အကျိုးဆက်များ ရရှိမည်ဖြစ်ကြောင်း ၎င်းတပ်ဖွဲ့က ပြောကြားသည်။ လာရတ်ကျွန်း တိုက်ခိုက်မှုတွင် အီရန်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံသားများ အများအပြား ထိခိုက်သေဆုံးခဲ့ကြောင်း အီရန် တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



## တူကီယဲနိုင်ငံ၌ ကာဒတ်စတန်အလုပ်သမားပါတီ လက်နက်စွန့်လွှတ်ရေးဆောင်ရွက်

**အန်ကာရာ ဩဂုတ် ၃၁**

တူကီယဲနိုင်ငံသည် နိုင်ငံအတွင်း ကာဒတ်စတန်အလုပ်သမားပါတီ၏ နောက်တစ်ဆင့် လက်နက်စွန့်လွှတ်ရေးလုပ်ငန်းစဉ်အား ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

၎င်းပါတီ အဖွဲ့ဝင်များ၏ တရားဝင်လက်နက်လွှဲပြောင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေသန္တရသတင်းစာ ဟူယီယက်ဒေးလီးသတင်းစာက ဩဂုတ် ၃၁ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် တူကီယဲ အမျိုးသားထောက်လှမ်းရေး အဖွဲ့အစည်းအနေဖြင့် အီရတ်နိုင်ငံနှင့် ကာဒတ်စတန်ဒေသန္တရအစိုးရတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ကာဒတ်စတန်အလုပ်သမားပါတီအဖွဲ့ဝင်များပုန်းအောင်းနေရာဖြစ်သည့် အီရတ်နိုင်ငံမြောက်ပိုင်းဒေသရှိ လက်နက်လွှဲပြောင်းရေးလုပ်ငန်းများအား စောင့်ကြည့်နေကြောင်းသိရသည်။ တူကီယဲနိုင်ငံတွင် ယခုလအစောပိုင်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် လူမှုရေးပေါင်းစည်းမှု အားကောင်းစေရေးဆိုင်ရာ ဥပဒေအရ အကြမ်းဖက်မှုကင်းစင်သည့် တူကီယဲနိုင်ငံ အစီအစဉ်အား တရားဝင်လုပ်ငန်းမူဘောင်ဖြင့် ပံ့ပိုးဆောင်ရွက်မည်ဖြစ်ပြီး ၎င်းဥပဒေအရ ကာဒတ်စတန်အလုပ်သမားပါတီအဖွဲ့ဝင်ဟောင်းများအား ဥပဒေဘောင်အတွင်း ဝင်ရောက်ရေးအတွက် ပံ့ပိုးပေးမည်ဖြစ်သည်။ ၎င်းဥပဒေအရ တူကီယဲနိုင်ငံရှိ ကာဒတ်စတန် အလုပ်သမားပါတီအဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ စစ်ရေးလှုပ်ရှားမှုများအားရပ်ဆိုင်းပြီး လက်နက်ချခြင်းပြုမှသာ ၎င်းတို့အား ရုံးတင်စစ်ဆေးခြင်း၊ တရားစီရင်ခြင်းနှင့် ထောင်ဒဏ်ချမှတ်ခြင်းတို့ကို ရပ်ဆိုင်းမည်ဖြစ် ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဘားအံစက်မှုဇုန်အတွင်း လက်တွန်းထွန်စက်၏ တွဲဖက်ပစ္စည်းများနှင့် လယ်ယာသုံးကိရိယာများ တပ်ဆင်ထုတ်လုပ်လျက်ရှိ



ဘားအံ ဩဂုတ် ၃၁

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ဘားအံစက်မှုဇုန်အတွင်းရှိ ရှိုင်းထူးကုမ္ပဏီမှ ကူဘိုတာ အမှတ်တံဆိပ် လယ်ယာသုံးစက်ပစ္စည်း တပ်ဆင်ထုတ်လုပ်ရေး စက်ရုံအတွင်း Engine Assembly Line တွင် ကူဘိုတာအင်ဂျင်များ၊ လက်တွန်းထွန်စက်၏ တွဲဖက်ပစ္စည်းများ၊ လယ်ယာသုံးကိရိယာများ တပ်ဆင်ထုတ်လုပ်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ ရှိုင်းထူးကုမ္ပဏီမှ ထုတ်လုပ်ပြီးလယ်ယာသုံးပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် EV ယာဉ်များ၏အဆင့်မြင့်လျှပ်စစ်စနစ်၊ ဘက်ထရီနည်းပညာ၊ ဝါယာရင်းနှင့် အီလက်ထရွန်နစ်ချို့ယွင်းချက်များကို ရှာဖွေပြုပြင်ထိန်းသိမ်းတတ်စေရန် ဘားအံလူငယ်စင်တာခန်းမ၌ EV လျှပ်စစ်မော်တော်ယာဉ်စနစ်တကျစစ်ဆေးထိန်းသိမ်းခြင်း နည်းပညာမျှဝေမှုသင်တန်းကိုဖွင့်လှစ်ရာ အဆိုပါသင်တန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် Arrow Auto Engineering Co.,Ltd မှ ဖွင့်လှစ်သည့်သင်တန်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားကာ Arrow Auto Engineering Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်လျက်ရှိကာ ပြည်နယ် ဝန်ကြီးချုပ်က သင်ထောက်ကူပစ္စည်းများနှင့် Arrow Auto Engineering Co., Ltd မှ ဘားအံစက်မှုဇုန်တွင် ထုတ်လုပ်သည့် နှစ်ဘီး၊ သုံးဘီး EV ယာဉ်များကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ၁၀၀ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးပါက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ၁၂၀ ခန့် ဖော်ဆောင်ပေးနိုင်မည့် Thai Fashion Footwear Production & Trading Co.,Ltd ၏ Thai Fashion ရော်ဘာညှပ်ဖိနပ်စက်ရုံ၏ ဘားအံစက်မှုဇုန်အတွင်း စက်ရုံတည်ဆောက်ရေး လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံအမြန်ဆုံး တည်ဆောက်ပြီးစီးလည်ပတ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်နှင့် Animation ဗီဒီယို ပြိုင်ပွဲဖိတ်ခေါ်ခြင်း

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်မည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး **လက်ကမ်းစာစောင်ဒီဇိုင်းရေးဆွဲခြင်းပြိုင်ပွဲ**(ငယ်ချင်း၊ လေပြင်း၊ ရေဘေး)နှင့် **Animation ဗီဒီယိုဖန်တီးခြင်းပြိုင်ပွဲ**(မိုးခေါင်ရေရှား၊ မိုးကြိုး၊ အယ်လ်နီညို)တို့အတွက် ပြိုင်ပွဲဝင်ဒီဇိုင်း Hard Copy နှင့် Soft Copy များကို **၁၅-၉-၂၀၂၆ ရက်နေ့၊ ၁၆:၀၀ နာရီ**နောက်ဆုံးထား၍ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ အီးမေးလ် myanmareoc.ddm@gmail.com သို့ ပေးပို့ယှဉ်ပြိုင်နိုင်ပါကြောင်း ထပ်မံနှိုးဆော်အပ်ပါသည်။

သဘာဝဘေးအန္တရာယ်များကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုကို လျှော့ချပေးနိုင်မည့် မှန်မြတ်သောလုပ်ငန်းစဉ်တွင် မိမိ၏ ကျွမ်းကျင်မှုနည်းပညာ၊ ဖန်တီးနိုင်မှု စွမ်းအားတို့ဖြင့် ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းကို အပြည့်အဝအသုံးချနိုင်ရေးအတွက် အချိန်မီယှဉ်ပြိုင်ပေးပို့ပေးနိုင်ပါရန် တန်ဖိုးထား ဖိတ်ခေါ်အပ်ပါသည်။

ဘာသာရပ်ဆိုင်ရာ အချက်အလက်များနှင့် နမူနာလက်ကမ်းစာစောင်များ သိရှိလိုပါက အောက်ပါ QR Code ကို ဖတ်ရှု၍ ရယူသုံးစွဲနိုင်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၆၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

# အမျိုးသားပြတိုက်(နေပြည်တော်)နှင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တို့ကို ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် ဩဂုတ် ၃၁

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက်(နေပြည်တော်)နှင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) တို့ကို သွားရောက်လေ့လာကြသည်။

အမျိုးသားပြတိုက်(နေပြည်တော်)သို့ ရောက်ရှိစဉ် မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှု၊ မြန်မာနိုင်ငံ ကျောက်ခေတ်သစ်ယဉ်ကျေးမှု၊ အညာသားယဉ်ကျေးမှု ထွန်းကားရာ ဒေသများ၊ နံရံဆေးရေးပန်းချီများ၊ မြန်မာ့တူရိယာများ သမိုင်းအကျဉ်း၊ ခေတ်အဆက်ဆက်ရုပ်သေးများ၊ တိုင်းရင်းသားရိုးရာ တူရိယာများ၊ ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ကြည့်ရှုလေ့လာကြပြီး ပြတိုက်တာဝန်ရှိသူများက ပရိုင်းမိတ်နှင့် ကျောက်ဖြစ် ရုပ်ကြွင်းပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။

ထို့အတူ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိစဉ် ပြတိုက်တာဝန်ရှိသူများက တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သမိုင်းပြတိုက်သမိုင်းနှင့် ပြခန်းများ၊ တိုက်ခိုက်ရေးလေယာဉ်များ၊ ကင်းထောက်လေယာဉ်များ၊ သယ်ယူပို့ဆောင်ရေး လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ တပ်မတော်ဖရီးဂိတ်စစ်ရေယာဉ်များ၊ စစ်ရေယာဉ်များ ပုံပြလေ့ကျင့်မောင်းနှင်ခြင်း၊ တိုက်ပွဲသမိုင်းမှတ်တမ်းများ အကြောင်းကို ရှင်းလင်းပြသကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ ပြခန်းများနှင့် ပြင်ပတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်သဘော်များ၊ လေယာဉ်များ၊ စစ်လက်နက်ပစ္စည်းများကိုလည်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ကြည့်မြင်တိုင်မြို့နယ် သရက်တော တောင်ရပ်ကွက် ဘဝသစ်ရောင်းဝယ်ရေးသမဝါယမအသင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်ပွဲကို ပြည်လုံးချမ်းသာခန်းမ၌ ဩဂုတ် ၃၁ ရက်က ကျင်းပရာ ဥက္ကဋ္ဌသစ်နှင့် အမှုဆောင်သစ်များက မြို့နယ်သမဝါယမဦးစီးအရာရှိ ရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ကန်တော်မင်္ဂလာရောင်းဝယ်ရေးအသင်း အစည်းအဝေးနှင့် အမှုဆောင် ပြန်လည်ရွေးချယ်

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးအနောက်ရပ်ကွက် ကန်တော်မင်္ဂလာရောင်းဝယ်ရေးအသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ပြန်လည်ရွေးချယ်ခြင်း အခမ်းအနားကို ဩဂုတ် ၃၁ ရက်က ရပ်ကွက်ခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကန်တော်ကလေးအနောက်ရပ်ကွက် ကန်တော်မင်္ဂလာရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်အေးဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှုဆောင်အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများအား အမှုဆောင်တစ်ဦးက ဖတ်ကြားအတည်ပြုသည်။

ယင်းနောက် အမှုဆောင်သစ်ရွေးချယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အမှုဆောင် ငါးဦး၊ အသင်းသားစာရင်းစစ်နှစ်ဦးအား ရွေးချယ်အတည်ပြုပြီး ကတိသစ္စာပြုခြင်းဆောင်ရွက်ခဲ့ကာ တက်ရောက်သူ အသင်းသားများအား အစုပေါ်အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။




**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ညောင်တုန်းကျွန်းတာမြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် မြေအိပ်ပဲ့ကျမှုဖြစ်ပွားခဲ့သည့်နေရာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပုသိမ် ဩဂုတ် ၃၁

ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု၊ ချောင်းဖျားကျေးရွာရှိ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)သည် ဩဂုတ် ၂၅ ရက်က ဧရာဝတီမြစ်ရေတိုက်စားပြီး တာအိပ်ပဲ့ကျမှု ဖြစ်ပွားခဲ့သည့် တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာနှင့်တစ်ဆက်တည်းတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ယနေ့ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများက ကမ်းပြို၊ ကမ်းစားကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် တာခြေထောက်ခြင်းလုပ်ငန်း အလျားပေ ၃၅၀ ထပ်မံဆောင်ရွက်ခြင်း၊ ယခင်ဆောင်ရွက်ပြီးသော ယာယီပန်းတာအား ထပ်မံမြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင် ပါလာသော နုန်းမြေများ စုပုံလာအောင်ပြုလုပ်ခြင်းလုပ်ငန်းနှင့် သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် ထပ်မံ၍ မြေအိပ်ပဲ့ကျမှု မဖြစ်ပေါ်စေရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ မြစ်ကမ်းပါးရေတိုက်စားမှုအခြေအနေများကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေး၍ အခြေအနေအလိုက် လိုအပ်သည့် ကြိုတင်ကာကွယ်ရေးနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် မှာကြားကာ ယာယီပန်းတာတည်ဆောက်ရာတွင် ရွှေ့ပြောင်းခဲ့ရသည့် ပြည်သူများ၏ ကွမ်းခြံများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် မအူပင်မြို့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ တာဝန်ရှိသူများက အလှူငွေကျပ် သိန်း ၁၀၀ နှင့် ငွေကျပ်သိန်း ၁၇၀ တန်ဖိုးရှိ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများအား လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့၌ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေနှစ်လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ရှစ်ပေငါးလက်မခန့်သာ ကျန်ရှိတော့သဖြင့် နှစ်ပေ ကိုးလက်မခန့် ဆက်လက် ကျဆင်းသွားခဲ့ကြောင်း၊ ငသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ကိုးလက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ရှစ်ပေ ၁၁ လက်မခန့်သာ ကျန်ရှိသဖြင့် တစ်ပေ ၁၀ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်းနှင့် ကျုံပျော်မြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ရှစ်ပေ တစ်လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခုနစ်ပေ ၁၁ လက်မခန့်သာ ကျန်ရှိသဖြင့် နှစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသများရှိ ရေဘေးသင့် ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ် ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးခြင်းတို့ကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ် ရေလဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အအုံများ၊ စာသင်ခုံများ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည် ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာမိုင် ၁၁/၅ နှင့် ၁၁ / ၆ ကြားတွင် အလျားပေ ၃၅၀ ခန့်အား တုတ်တန်းရိုက် သဲအိတ်ဖြည့်၍ မူရင်းတာ၏ တာခြေထောက် Second Bund Level အား မူလနိမ့်မြင့်မှတ် ၁၅ ပေမှ ပေ ၂၀ သို့ မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တုတ်တန်းအားအတွင်းဘက်မှ သဲအိတ်ဖြင့် Slope အခြေထောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ တာလမ်းကြောင်းရှင်းခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## သန်လျင်မြို့နယ်၌ သမဝါယမကဏ္ဍက ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းစဉ်များရှင်းလင်း

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သမဝါယမကဏ္ဍက ဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းများ၊ လူမှုစီးပွားမြှင့်တင်ရေး(သက်တန့်ရောင်)စီမံကိန်းနှင့် သမဝါယမစနစ်ကိုအခြေခံပြီး စုပေါင်းဆောင်ရွက်ကာ စနစ်ကျသော စိုက်ပျိုးရေးစနစ်နှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းစဉ်များရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ် သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။

ဦးစွာ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမက ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ရွှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ပြီး ပြန်လည် ရောက်ရှိလာသော ရွှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ နယ်မြေခံ တပ်ရင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ရဟန်း သံဃာတော်များ၊ အနုပညာရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုကြိုဆိုကြသည်။

နိုင်ငံအတွင်း မီးတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရွှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရွှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရွှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်း ကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



## လှိုင်စိုးမိုး ရောင်းဝယ်ရေးသမဝါယမအသင်း အမှုဆောင်ရွေးချယ်

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် လှိုင်စိုးမိုးရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်နှင့်၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်များအတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းတာဝန်ရှိသူများက အမှုဆောင်များကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်ရွေးချယ်ကာ အသင်းသားအားလုံး၏ အတည်ပြုချက်ရယူ၍ ရွေးချယ်တင်မြှောက်သည်။ ထို့နောက် အသင်းသား ၁၈၅ ဦးတို့အား အစုပေါ်အမြတ်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**

## တံတားမြို့၌ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကြဲပက်ခြင်း ကွင်းသရုပ်ပြ



**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် တံတားမြို့ စင်မကော်ကျေးရွာ၌ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး တောင်သူ နည်းပညာပေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးက သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ကြဲပက်ခြင်းကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ အကြောင်း ပြောကြားသည်။

**ပညာပေးဆွေးနွေး**

ထို့နောက် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ မျိုးစေ့(တာဝန်ခံ)က အထွက်နှုန်းကောင်းမျိုးသန့်များ သုံးစွဲပြီး မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးကာ အထွက်နှုန်းပိုမိုကောင်းမွန်စေရေး ပညာပေး ဆွေးနွေးသည်။ ဆက်လက်၍ အချိန်ကိုက်၊ အချိုးညီ ရောစပ်ထားသည့် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများကို ကြဲပက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဆန်း**

## လေးမျက်နှာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(အိုင်သပြု)၌ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး သန့်ရှင်းရေးဆောင်ရွက်

**လေးမျက်နှာ ဩဂုတ် ၃၁**

ဧရာဝတီ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့ မွန်းလွဲပိုင်းတွင် လေးမျက်နှာ မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အိုင်သပြု)၌ သန့်ရှင်းရေးဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် အင်အား ၅၀ ဖြင့် ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စာသင်ခန်းများ အတွင်း ဝင်ရောက်လျက်ရှိသည့် ရွှံ့ညွန်များ ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများ၊ ကျောင်းသန့်ရှင်း သာယာရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

# ဖုန်းမရှိရင် မနေနိုင်တော့ဘူးလား

ဉာဏ်သစ်(မန်းတက္ကသိုလ်)

ယနေ့ခေတ်တွင် မိုဘိုင်းဖုန်းသည် လူငယ်များ၏ နေ့စဉ်ဘဝတွင် အရေးပါသော နည်းပညာကိရိယာတစ်ခု ဖြစ်လာသည်။ ဖုန်းဖြင့် ဆက်သွယ်နိုင်သည်၊ သတင်းအချက်အလက် ရှာဖွေနိုင်သည်၊ အွန်လိုင်း သင်ခန်းစာများ လေ့လာနိုင်သည်၊ ဘာသာစကားများ သင်ယူနိုင်သည်။ သို့သော် အသုံးဝင်သောကိရိယာတစ်ခုသည် မိမိ၏ အချိန်၊ အာရုံစူးစိုက်မှုနှင့်အပြုအမူကို ပြန်လည်ထိန်းချုပ်လာသည့်အခါ သတိထားရန် လိုအပ်လာသည်။

ထိုအခြေအနေများနှင့်ဆက်စပ်၍ **"Nomophobia = No + Mobile Phone + Phobia"** ဟူသောဝေါဟာရကို ယနေ့ပိုမိုကြားလာရသည်။ Nomophobia သည် မိုဘိုင်းဖုန်းမရှိခြင်း၊ ဖုန်းအသုံးမပြုနိုင်ခြင်း သို့မဟုတ် ဖုန်းနှင့်ဆက်သွယ်မှု မရခြင်းတို့ကြောင့် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လာသည့် အခြေအနေကိုရည်ညွှန်းသည့် ဝေါဟာရဖြစ်သည်။ သို့သော် Nomophobia ကို တရားဝင်စိတ်ရောဂါတစ်မျိုးအဖြစ် သတ်မှတ်ထားသည်ဟု မဆိုနိုင်သေးဘဲ ဖုန်းအသုံးပြုမှုပုံစံနှင့် စိုးရိမ်ပူပန်မှုတို့ကို ဆက်စပ်လေ့လာရာတွင် အသုံးပြုသော အယူအဆတစ်ရပ်အဖြစ် နားလည်သင့်သည်။

အရေးကြီးသည့်အချက်မှာ **ဖုန်းအသုံးပြုခြင်းသည် ပြဿနာမဟုတ်ဘဲ ဖုန်းကို မထိန်းချုပ်နိုင်တော့သည့် အခြေအနေကသာ ပြဿနာဖြစ်လာနိုင်ခြင်း**ဖြစ်သည်။

### ဖုန်းက ကျွန်ုပ်တို့ကို အသုံးပြုနေပြီလား

ဆယ်ကျော်သက်များအတွက် မိုဘိုင်းဖုန်းသည် ဆက်သွယ်ရေးကိရိယာတစ်ခုထက် ပိုမိုကျယ်ပြန့်လာသည်။ လူမှုကွန်ရက်များ၊ ဗီဒီယိုအတိုများ၊ အွန်လိုင်းဂိမ်းများ၊ စာတိုပေးပို့သည့် အက်ပ်များနှင့် အွန်လိုင်းမှ ဗီဒီယို၊ ရုပ်သံအကြောင်းအရာများကို ကြည့်ရှုခြင်းတို့သည် တစ်နေ့တာအချိန်၏ အများအပြားကို အသုံးပြုသွားစေနိုင်သည်။

ဖုန်းကို မကြာခဏစစ်ခြင်း၊ Notification မရလျှင်ပင် စိုးရိမ်ခြင်း၊ ဖုန်းဘက်ထရီကုန်တော့မည်ကို အလွန်အမင်းစိတ်ပူခြင်း၊ အိပ်ရာဝင်ချိန်တွင်ပင် ဖုန်းကို လက်မလွှတ်နိုင်ခြင်း၊ မိသားစုနှင့် စကားပြောနေစဉ် ဖုန်းကိုသာ အာရုံစိုက်ခြင်းတို့သည် မိမိ၏ Digital Habits ကို ပြန်လည်သုံးသပ်သင့်သည့်အချက်များဖြစ်သည်။

အထူးသဖြင့် ကမ္ဘာတစ်ဝန်း ပညာရေးစနစ်များကလည်း ကျောင်းသားများ၏ ဖုန်းအသုံးပြုမှုကို ပိုမိုအလေးထားလာကြသည်။ UNESCO ၏ ၂၀၂၆ ခုနှစ် မတ်လလေ့လာချက်အရ ကမ္ဘာတစ်ဝန်း ပညာရေးစနစ် **၁၁၄ ခု၊ ခန့်မှန်းအားဖြင့် ၅၈ ရာခိုင်နှုန်း**တွင် ကျောင်းများအတွင်း မိုဘိုင်းဖုန်းအသုံးပြုမှုကို တားမြစ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းဆိုင်ရာမူဝါဒများ ရှိလာပြီဖြစ်သည်။

အဓိကရည်ရွယ်ချက်များမှာ စာသင်ခန်းအတွင်း အာရုံစူးစိုက်မှု မလျော့နည်းစေရန်၊ အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်နှောင့်ယှက်မှုများကိုကာကွယ်ရန်နှင့် လူငယ်များ၏ ဒီဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် သက်ဆိုင်သော ကျန်းမာပျော်ရွှင်မှုကို ထိန်းသိမ်းပေးရန်ဖြစ်သည်။

**ကမ္ဘာ့နိုင်ငံများ၏ သင်ခန်းစာ — "ပိတ်ပင်ခြင်း" တစ်ခုတည်း မဟုတ်**

နိုင်ငံတကာတွင် မိုဘိုင်းဖုန်းနှင့်ပတ်သက်သော စည်းမျဉ်းများမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူညီကြပါ။ သို့သော် အများစုတွင် **သင်ကြားရေးအတွက် လိုအပ်သည့်အခါ ခွင့်ပြုခြင်း၊ သင်ကြားရေးကို အနှောင့်အယှက်ဖြစ်စေသည့် အသုံးပြုမှုကို ကန့်သတ်ခြင်း၊ မိဘနှင့် ကျောင်း ပူးပေါင်းဆောင်ရွက်ခြင်း** ဟူသော အခြေခံသဘောတရားများကို တွေ့ရသည်။

**တရုတ်နိုင်ငံ — ကျောင်းဝင်းအတွင်း သတ်မှတ်စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်း**

တရုတ်နိုင်ငံ ပညာရေးဝန်ကြီးဌာနသည် ၂၀၂၁ ခုနှစ်ကတည်းက မူလတန်းနှင့် အလယ်တန်းကျောင်းသားများ၏ မိုဘိုင်းဖုန်းအသုံးပြုမှုကို ပိုမိုတင်းကျပ်စွာစီမံရန် ညွှန်ကြားထားသည်။ မူအရ ကျောင်းသားများကို ကိုယ်ပိုင်ဖုန်းဖြင့် ကျောင်းသို့လာရောက်ခြင်းကို ကန့်သတ်ထားပြီး အမှန်တကယ်လိုအပ်ပါက မိဘသဘောတူညီချက်နှင့် စာဖြင့် တင်ပြမှုလိုအပ်ကာ ကျောင်းရောက်လျှင် ဖုန်းကို စီမံထိန်းသိမ်းထားရန် သတ်မှတ်ထားသည်။ (China Ministry of Education)

ဤပုံစံ၏ အရေးကြီးသော သင်ခန်းစာမှာ **"ဖုန်းကို လုံးဝမုန်းတီးရန်"** မဟုတ်ဘဲ **"ကျောင်းပညာရေးအချိန်နှင့် နည်းပညာအသုံးပြုချိန်ကို ခွဲခြားစီမံရန်"** ဖြစ်သည်။

**ဂျပန်နိုင်ငံ — စည်းကမ်းနှင့် ဒီဂျစ်တယ်စာပေကျွမ်းကျင်မှုကို တွဲဖက်ခြင်း**

ဂျပန်နိုင်ငံတွင် မူလတန်းနှင့် အလယ်တန်းအဆင့်များ၌ မိုဘိုင်းဖုန်းများကို ကျောင်းသို့ ယူဆောင်လာခြင်းကို အခြေခံအားဖြင့် ကန့်သတ်ရန် မူဝါဒများချမှတ်ထားပြီး ဒေသနှင့်ကျောင်းအခြေအနေအလိုက် စီမံခန့်ခွဲရန် အလေးထားသည်။ တစ်ချိန်တည်းမှာပင် ဂျပန်ပညာရေးဝန်ကြီးဌာနက "သတင်းအချက်အလက်နှင့် နည်းပညာကို တာဝန်ယူမှု၊ ကျင့်ဝတ်နှင့်အညီ အသုံးပြုတတ်စေရန် ပညာပေးခြင်း" ကို အလေးထားပြီး ကလေးများအနေဖြင့် ဖုန်းနှင့်အင်တာနက်ကို မှန်ကန်စွာ အသုံးပြုတတ်ရန် သင်ကြားပေးထားသည်။ (MEXT)

ဤပုံစံမှာ မြန်မာနိုင်ငံအတွက် အထူးစိတ်ဝင်စားဖွယ်ကောင်းသည်။ အကြောင်းမှာ **စည်းကမ်း + အသိပညာ + မိဘပူးပေါင်းမှု** ကို တစ်ပြိုင်နက်တည်း အလေးထားသောကြောင့် ဖြစ်သည်။

**တောင်ကိုရီးယားနိုင်ငံ — စာသင်ခန်းအတွင်း အာရုံစူးစိုက်မှုကို ဦးစားပေးခြင်း**

တောင်ကိုရီးယားတွင်လည်း ကျောင်းသားများ၏ စမတ်ကိရိယာအသုံးပြုမှုကို ပညာရေးအခွင့်အရေးနှင့် ဆရာများ၏ သင်ကြားရေးလုပ်ငန်းကို ကာကွယ်သည့်ရည်ရွယ်ချက်ဖြင့် ပိုမိုစနစ်တကျ ထိန်းချုပ်လာသည်။ ၂၀၂၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေပြင်ဆင်ချက်အရ **၂၀၂၆ ခုနှစ် မတ်လမှစ၍ စာသင်ချိန်အတွင်း ကျောင်းသားများ၏ စမတ်ကိရိယာအသုံးပြုမှုကို အခြေခံအားဖြင့် တားမြစ်**ထားပြီး အထူးပညာရေး လိုအပ်ချက်၊ ပညာရေးရည်ရွယ်ချက် သို့မဟုတ် အရေးပေါ်အခြေအနေများတွင် ခွင့်ပြုနိုင်သည့် ခြွင်းချက်များ ထည့်သွင်းထားသည်။ ထို့အပြင် မှန်ကန်သော စမတ်ကိရိယာအသုံးပြုမှုဆိုင်ရာ ပညာပေးခြင်းကိုလည်း အလေးထားသည်။

ဤအချက်သည် **"တားမြစ်ခြင်း"**နှင့် **"ပညာပေးခြင်း"**ကို အတူတကွ လုပ်ဆောင်နိုင်ကြောင်း ပြသသည်။

**ပြင်သစ်နိုင်ငံ — "ဒီဂျစ်တယ်နည်းပညာမှ ခေတ္တအနားယူပြီး ကျောင်းဘဝကို ဟန်ချက်ညီစေခြင်း"**

ပြင်သစ်နိုင်ငံသည် မိုဘိုင်းဖုန်းအသုံးပြုမှုကို ကျောင်းများတွင် ကန့်သတ်ထားသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ၂၀၂၅ ခုနှစ်မှစ၍ အလယ်တန်းကျောင်းများတွင် "မိုဘိုင်းဖုန်းကို ခေတ္တအနားပေးခြင်း" **"Portable & pause"** ဟုခေါ်သည့် ဖုန်းကို ခေတ္တဖယ်ထားသည့် စနစ်ကိုတိုးချဲ့ခဲ့သည်။ ထို့အပြင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်မှစ၍ အထက်တန်းကျောင်းများအထိ ဖုန်းနှင့်ချိတ်ဆက် ကိရိယာအသုံးပြုမှုကို ပိုမိုကန့်သတ်သည့်မူဝါဒများထည့်သွင်းလာသည်။ သို့သော် ပညာရေးအတွက် လိုအပ်သောအသုံးပြုမှုများနှင့် အရေးပေါ်အခြေအနေများအတွက် ခြွင်းချက်များရှိနေသည်။ (Éduscol)

ပြင်သစ်၏ သင်ခန်းစာမှာ **"ဒီဂျစ်တယ်အနားယူချိန်"** သည် နည်းပညာကို ငြင်းပယ်ခြင်းမဟုတ်ဘဲ နည်းပညာအသုံးပြုမှုနှင့် လူမှုဘဝအကြား ဟန်ချက်ညီစေရန် ကြိုးပမ်းခြင်းဖြစ်သည်။

**အိန္ဒိယနိုင်ငံ — ကျောင်းစည်းမျဉ်းနှင့် စာမေးပွဲစည်းကမ်းကို ခိုင်မာစွာထားရှိခြင်း**

အိန္ဒိယနိုင်ငံတွင်လည်း ကျောင်းများနှင့် စာမေးပွဲများ၌ မိုဘိုင်းဖုန်းအသုံးပြုမှုကို ကန့်သတ်ထားသည့် မူဝါဒများရှိသည်။ အိန္ဒိယနိုင်ငံ၏ အလယ်တန်းပညာရေး ဗဟိုဘုတ်အဖွဲ့၏ စည်းမျဉ်းများအရ ခွင့်ပြုချက်မရှိဘဲ အီလက်ထရွန်နစ် ဆက်သွယ်ရေးကိရိယာများကို ကျောင်းနှင့် ကျောင်းကားအတွင်း ယူဆောင်အသုံးပြုခြင်းကို ကန့်သတ်ထားသည်။ ထို့အပြင် စာမေးပွဲဖြေဆိုချိန်တွင် မိုဘိုင်းဖုန်းကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုရန် ကြိုးပမ်းခြင်းကို ပြင်းထန်သော စည်းကမ်းဖောက်ဖျက်မှုအဖြစ် သတ်မှတ်ထားသည်။ (CBSE)

**ထိုင်းနိုင်ငံ — "တားမြစ်ခြင်း" ထက် "မျှတစွာအသုံးချခြင်း" ကို အလေးထားခြင်း**

ထိုင်းနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုမှုကို ကျောင်းတစ်ကျောင်းချင်းစီ၏အခြေအနေနှင့် လိုအပ်ချက်များအရ သင့်လျော်စွာစီမံခန့်ခွဲရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် ကလေးများ၏ အခွင့်အရေးနှင့် ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဒီဂျစ်တယ်ကိရိယာများကို ပညာရေးအတွက် အသုံးပြုခြင်းနှင့် အပန်းဖြေရန် အသုံးပြုခြင်းတို့ကို ခွဲခြားစီမံရန် အာရုံစိုက်ထားသည်။

ထို့အပြင် ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာနက ကလေးများ၏ ဒီဂျစ်တယ်နည်းပညာ အသုံးပြုမှုဆိုင်ရာ ကျန်းမာမျှတမှု၊ ဒီဂျစ်တယ်ကျွမ်းကျင်မှုနှင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အခြေခံအသိပညာ တိုးတက်လာစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ကျောင်းများတွင်လည်း မိုဘိုင်းဖုန်းနှင့် အခြားဒီဂျစ်တယ်ကိရိယာများကို မည်သည့်အချိန်တွင်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သို့အသုံးပြုရမည်ဆိုသည့် ရှင်းလင်းသောလမ်းညွှန်ချက်များထားရှိရန် အရေးကြီးကြောင်း အလေးပေးထားသည်။ (Ministry of Education Thailand)

**မြန်မာနိုင်ငံအတွက်ဘယ်လို Model က အကောင်းဆုံးဖြစ်နိုင်သလဲ**

နိုင်ငံတစ်နိုင်ငံ၏မူဝါဒကို အခြားနိုင်ငံမှ တိုက်ရိုက်ကူးယူခြင်းသည် အမြဲတမ်းသင့်လျော်မည်မဟုတ်ပါ။ မြန်မာနိုင်ငံ၏ ကျောင်းအရွယ်အစား၊ ကျောင်းသားအရေအတွက်၊ မိဘများ၏ ဒီဂျစ်တယ်စာပေတတ်ကျွမ်းမှု၊ အင်တာနက်ရရှိနိုင်မှုနှင့် ပညာရေးအခြေအနေများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွက် **"ထက်မြက်သော ကျောင်းသားများအတွက် စနစ်တကျ မိုဘိုင်းဖုန်းအသုံးပြုမှုပုံစံ"** ဟု ခေါ်ဆိုနိုင်သည့် ပေါင်းစပ်မော်ဒယ်တစ်ရပ်ကို ဖော်ဆောင်စဉ်းစားနိုင်ပါသည်။

**ပထမ — စာသင်ခန်းအတွင်း ဖုန်းမသုံးဘဲ အာရုံစူးစိုက်သင်ယူခြင်း**

စာသင်ချိန်အတွင်း မိုဘိုင်းဖုန်းကို အသံပိတ်ထားခြင်း သို့မဟုတ် သတ်မှတ်ထားသည့်နေရာတွင် စနစ်တကျ သိမ်းဆည်းထားခြင်းကို ကျောင်းစည်းကမ်းတစ်ရပ်အဖြစ် သတ်မှတ်နိုင်သည်။

**ဒုတိယ — သင်ယူရေးအတွက် ရည်ရွယ်ချက်ရှိရှိ အသုံးပြုခြင်း**

ဆရာက ပညာရေးနှင့် သင်ယူရေးဆိုင်ရာ ရည်ရွယ်ချက်ဖြင့် ခွင့်ပြုသည့် အချိန်တွင်သာ မိုဘိုင်းဖုန်းကို သင်ယူရေးအထောက်အကူပြု ကိရိယာအဖြစ် အသုံးပြုစေသင့်သည်။

**တတိယ — အိမ်တွင်းရေး၊ မိသားစုနှင့်အတူ ဒီဂျစ်တယ်အသုံးပြုမှု စည်းကမ်းသတ်မှတ်ခြင်း**

မိဘနှင့် သားသမီးများအကြား **စာသင်ချိန်၊ အိပ်ချိန်၊ မိသားစုနှင့်အတူ ဖြတ်သန်းချိန်နှင့် မိုဘိုင်းဖုန်းအသုံးပြုချိန်**တို့ကို အပြန်အလှန် နားလည်သဘောတူညီမှုဖြင့် သင့်လျော်စွာ သတ်မှတ်ထားနိုင်သည်။

**စတုတ္ထ — နေ့စဉ်ဘဝ၊ ဒီဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် ကျန်းမာမျှတသောဘဝ**

မိုဘိုင်းဖုန်းအသုံးမပြုဘဲ စာဖတ်ခြင်း၊ အားကစားလုပ်ခြင်း၊ အနုပညာနှင့် ဝါသနာပါရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိသားစုနှင့် မိတ်ဆွေများနှင့် မျက်နှာချင်းဆိုင်ဆက်ဆံခြင်းနှင့် ပြင်ပလှုပ်ရှားမှုများတွင် ပါဝင်ခြင်းတို့အတွက်လည်း လုံလောက်သောအချိန် ပေးသင့်သည်။

**ပဉ္စမ — ကိုယ်ကျင့်တရားနှင့် တာဝန်ယူမှု၊ ဒီဂျစ်တယ်နိုင်ငံသား စိတ်ဓာတ်**

အွန်လိုင်းပေါ်တွင် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံပြောဆိုခြင်း၊ အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်နှောင့်ယှက်မှုများကို ကာကွယ်ခြင်း၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကို လုံခြုံစွာထိန်းသိမ်းခြင်း၊ မမှန်ကန်သော သတင်းအချက်အလက်များကို ခွဲခြားသိရှိခြင်း၊ အွန်လိုင်းတွင် မိမိချန်ထားခဲ့သော ဒီဂျစ်တယ်မှတ်တမ်းများကို သတိပြုခြင်းနှင့် **ဉာဏ်ရည်တုနည်းပညာ (AI) ကို တာဝန်ရှိစွာ အသုံးပြုခြင်း**တို့ကို လူငယ်များအတွက် အခြေခံ**ဒီဂျစ်တယ်နိုင်ငံသားစိတ်ဓာတ်နှင့် ကျွမ်းကျင်မှုများ** အဖြစ် သင်ကြားပေးသင့်သည်။

### မြန်မာ့ကျောင်းများတွင် "ဖုန်းစည်းကမ်း" ကို မည်သို့ချမှတ်သင့်သနည်း

မြန်မာနိုင်ငံအတွက် လက်တွေ့ကျသော စည်းမျဉ်းတစ်ရပ်မှာ **"မသုံးရ"** ဟုသာ ရေးသားထားခြင်းထက် **ဘယ်အချိန်၊ ဘယ်နေရာ၊ ဘာအတွက်၊ ဘယ်သူ၏ ခွင့်ပြုချက်ဖြင့် အသုံးပြုရမည်** ကို ရှင်းလင်းစွာ ဖော်ပြထားခြင်းဖြစ်သည်။ **စာမျက်နှာ ၁၉ သို့** ❁

- **လူငယ်များအတွက် မိုဘိုင်းဖုန်းသည် ရန်သူမဟုတ်ပါ။ မှန်ကန်စွာ အသုံးပြုပါက ဆရာတစ်ဦး၊ စာကြည့်တိုက်တစ်ခု၊ ဘာသာစကားလေ့လာရေးကိရိယာတစ်ခုနှင့် ကမ္ဘာ့သတင်းအချက်အလက် ရင်းမြစ်တစ်ခုဖြစ်လာနိုင်**
- **"မိုဘိုင်းဖုန်း လုံးဝမသုံးရန်" ဟူ၍ လူငယ်များကို နည်းပညာနှင့် ဝေးကွာစေရန်မဟုတ်ပါ။ "မိုဘိုင်းဖုန်းကို သိရှိနားလည်ပြီး မှန်ကန်စွာအသုံးချတတ်ရန်" ဖြစ်သည်။ ဆိုလိုသည်မှာ မိုဘိုင်းဖုန်း၏ အကျိုးကျေးဇူးများကို သိရှိနားလည်သကဲ့သို့ မိမိ၏အသုံးပြုမှုကိုလည်း မိမိကိုယ်တိုင်ထိန်းချုပ်နိုင်ပြီး ပညာရေး၊ ဆက်သွယ်ရေးနှင့် နေ့စဉ်ဘဝအတွက် အကျိုးရှိစွာအသုံးချတတ်သော လူငယ်များဖြစ်လာစေရန်ဖြစ်**



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၂၇) သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃၁

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၇)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ်ဦးကျော်ထွေးက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။

အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂၇)သို့ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား ၉၆ ဦး၊ သင်တန်းသူ ၁၀၉ ဦး စုစုပေါင်း ၂၀၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၃၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မုံရွာခရိုင်အတွင်း စီမံကိန်းလျာထားမှု ရှင်းလင်းပွဲကျင်းပ

မုံရွာ ဩဂုတ် ၃၁

မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုံရွာခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက မိမိတို့ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းလုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ဆက်လက်ဆွေးနွေးတင်ပြကြရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**






ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ## နှီးကျူးရှာ ဂျာနယ် ထွက်ရှိ

၁-၉-၂၀၂၆ ရက်နေ့ထုတ် အတွဲ (၂၃)၊ အမှတ် (၁၇) တွင်

- ကျောင်းပတ်ဝန်းကျင်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ရောင်းချခြင်းကို ထိထိရောက်ရောက်အရေးယူ ဆောင်ရွက်သွားမည်
- သီးအားကောင်းသည့် သံပရာ စိုက်ပျိုးနည်းစနစ်
- လူငယ်များ ကျောင်းစာသာမက စာကြည့်တိုက်များတွင်ပါ အမြဲမပြတ် လေ့လာသင်ယူရန်လို
- မြန်မာနိုင်ငံတွင် မျှစ်စားသုံးမှုများသည့်အတွက် သီးသန့်ဝါးစိုက်ခင်းများ ပိုမိုလိုအပ်
- စိုက်ပျိုးရေးတွင် အကျိုးပြုသည့် လိပ်ပြာမျိုးစိတ်များ သစ်တောပြုန်းတီးမှုကြောင့် ရှားပါးလာ
- စီးပွားဖြစ် ဘဲမွေးမြူရေး နည်းလမ်းကောင်းများ
- စိတ်ဓာတ်ကျနိုင်ခြေကို လေးနှစ်ကြိုတင်ခန့်မှန်းပေးနိုင်မယ့် အေအိုင်နည်းပညာသစ်
- အသက်မွေးဝမ်းကျောင်းပညာရေးကို အရှိန်အဟုန်မြှင့်တင်သွားမည့် သီရိလင်္ကာနိုင်ငံ

စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတ ရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၅၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


❖ ကျောဖုံးမှ

များအဖြစ် ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ချင်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပိုက်ကျော်ခြင်း (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲပွဲစဉ်အား ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲ ပွဲစဉ်အား ဆက်လက်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❁ **စာမျက်နှာ ၁၈ မှ**

ဥပမာ—

**စာသင်ချိန် — မသုံးရ။**

**စာမေးပွဲ — မယူဆောင်ရ။**

**ပညာရေးလုပ်ငန်း — ဆရာခွင့်ပြုလျှင် အသုံးပြုနိုင်။**

**အရေးပေါ်အခြေအနေ — ကျောင်းစည်းမျဉ်းနှင့်အညီ အသုံးပြုနိုင်။**

**ကျောင်းပြင်ပ — မိမိကိုယ်တိုင် ထိန်းချုပ်နိုင်စွမ်းရှိစွာ အသုံးပြုရမည်။**

ထိုစည်းမျဉ်းများကို ကျောင်းသားများသာမက **ဆရာများ၊ မိဘများနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကပါ နားလည်သဘောတူထားရန်** အရေးကြီးသည်။

အထူးသဖြင့် စည်းကမ်းဖောက်ဖျက်မှုကို အပြစ်ပေးခြင်းတစ်ခုတည်းမလုပ်ဘဲ ပထမအဆင့်တွင် အသိပညာပေးခြင်း၊ ဒုတိယအဆင့်တွင် မိဘနှင့်ဆွေးနွေးခြင်း၊ ထပ်မံဖြစ်ပွားပါက ကျောင်းစည်းမျဉ်းအတိုင်း အဆင့်လိုက်ဆောင်ရွက်ခြင်းသည် ပိုမိုပညာရေးဆန်သော နည်းလမ်းဖြစ်နိုင်သည်။

**“No Mobile Phone” မဟုတ်၊ “Know Your Mobile Phone” ဖြစ်စေရန်**

(“မိုဘိုင်းဖုန်း လုံးဝမသုံးရန်” မဟုတ်ဘဲ “မိုဘိုင်းဖုန်းကို သိရှိနားလည်ပြီး မှန်ကန်စွာအသုံးချတတ်ရန်”)

လူငယ်များအတွက် မိုဘိုင်းဖုန်းသည် ရန်သူမဟုတ်ပါ။ မှန်ကန်စွာအသုံးပြုပါက ဆရာတစ်ဦး၊ စာကြည့်တိုက်တစ်ခု၊ ဘာသာစကားလေ့လာရေးကိရိယာတစ်ခုနှင့် ကမ္ဘာ့သတင်းအချက်အလက် ရင်းမြစ်တစ်ခုဖြစ်လာနိုင်သည်။

သို့သော် မိုဘိုင်းဖုန်းအသုံးပြုမှုကြောင့် လူငယ်များ၏ အိပ်ချိန်၊ စာသင်ချိန်၊ မိသားစုနှင့်အတူ ဖြတ်သန်းချိန်၊ လူမှုဆက်ဆံရေးအချိန်များ လျော့နည်းလာပါက နေ့စဉ်ဘဝတွင် နည်းပညာအသုံးပြုမှုနှင့် လူမှုဘဝအကြား ဟန်ချက်ညီမှု ပျက်ပြားလာနိုင်သည်။

ထို့ကြောင့် မိဘများသည် ဖုန်းကို ရုတ်တရက် သိမ်းယူခြင်းထက် သားသမီးများနှင့် ဆွေးနွေးသင့်သည်။ ဆရာများသည် ဖုန်းကို လုံးဝပိတ်ပင်ခြင်းထက် ရည်ရွယ်ချက်ရှိရှိ အသုံးပြုတတ်ရန် သင်ကြားပေးသင့်သည်။ ကျောင်းသားများကလည်း မိမိကိုယ်တိုင် မေးမြန်းသင့်သည်—

**“ဒီဖုန်းကို ငါအသုံးပြုနေတာလား၊ ဒီဖုန်းက ငါ့အချိန်ကို အသုံးပြုနေတာလား”။**

ဤမေးခွန်းကို မိမိကိုယ်တိုင် ပြန်လည်မေးမြန်းခြင်းသည် မိုဘိုင်းဖုန်းမရှိလျှင် စိုးရိမ်ပူပန်လာသည့် အခြေအနေများနှင့် မသင့်လျော်သော ဒီဂျစ်တယ်အသုံးပြုမှု အလေ့အကျင့်များကို စောစီးစွာ သတိပြုမိစေရန် အရေးကြီးသော အစပြုခြေလှမ်းတစ်ရပ် ဖြစ်လာနိုင်သည်။

### ဖုန်းကို ပိတ်လိုက်ရန်မဟုတ်၊ ဘဝကို ပြန်ဖွင့်ရန်

ကမ္ဘာတစ်ဝန်းတွင် မိုဘိုင်းဖုန်းနှင့်ပတ်သက်သော ကျောင်းစည်းမျဉ်းများ ပိုမိုတင်းကျပ်လာခြင်းသည် နည်းပညာကို ငြင်းပယ်လိုခြင်းကြောင့် မဟုတ်ပါ။ **ကလေးများ၏ အာရုံစူးစိုက်မှု၊ ကျန်းမာရေး၊ လူမှုဆက်ဆံရေးနှင့် သင်ယူခွင့်ကို ကာကွယ်ရန်**ဖြစ်သည်။ UNESCO ၏ လေ့လာချက်များကလည်း ကမ္ဘာ့ပညာရေးစနစ်များတွင် ဖုန်းကန့်သတ်မှုများ လျင်မြန်စွာတိုးလာနေကြောင်း ပြသထားသည်။

တရုတ်နိုင်ငံက စည်းကမ်းများချမှတ်၍ မိုဘိုင်းဖုန်းအသုံးပြုမှုကို စနစ်တကျ ထိန်းချုပ်ခြင်း၊ ဂျပန်နိုင်ငံက သတင်းအချက်အလက်နှင့် နည်းပညာကို ကျင့်ဝတ်နှင့်အညီ အသုံးပြုတတ်စေရန် ပညာပေးခြင်း၊ တောင်ကိုရီးယားနိုင်ငံက စာသင်ချိန်အတွင်း မိုဘိုင်းဖုန်းအသုံးပြုမှုကို ဥပဒေနှင့်အညီ ကန့်သတ်ခြင်း၊ ပြင်သစ်နိုင်ငံက ဒီဂျစ်တယ်နည်းပညာမှ ခေတ္တအနားယူစေခြင်းဖြင့် လူမှုဘဝနှင့် နည်းပညာအသုံးပြုမှုအကြား ဟန်ချက်ညီစေခြင်း၊ အိန္ဒိယနိုင်ငံက စာမေးပွဲနှင့် ကျောင်းစည်းကမ်းများကို တိကျခိုင်မာစွာထိန်းသိမ်းခြင်း၊ ထိုင်းနိုင်ငံက ဒီဂျစ်တယ်နည်းပညာအသုံးပြုမှုဆိုင်ရာ ကျန်းမာမျှတမှုနှင့် ဒီဂျစ်တယ်ကျွမ်းကျင်မှုတို့ကို (**Digital Well-being နှင့် Digital Skills**) တွဲဖက်ဖော်ဆောင်ခြင်း စသည့် နည်းလမ်းများမှ သင့်လျော်သောသင်ခန်းစာများကို ရယူနိုင်ပါသည်။

မြန်မာနိုင်ငံအတွက် အကောင်းဆုံးလမ်းကြောင်းမှာ ထိုနိုင်ငံများ၏ မူဝါဒတစ်ခုကို တိုက်ရိုက်ကူးယူခြင်းမဟုတ်ဘဲ **မြန်မာ့ပညာရေးအခြေအနေနှင့် ကိုက်ညီသော “ကန့်သတ်မှု + ပညာပေးမှု + မိဘပူးပေါင်းမှု + ဒီဂျစ်တယ်နိုင်ငံသားကျင့်ဝတ်”ပေါင်းစပ်ပုံစံ** တစ်ရပ်ကို ဖော်ဆောင်ခြင်းဖြစ်နိုင်သည်။

ရည်ရွယ်ချက်မှာ “မိုဘိုင်းဖုန်း လုံးဝမသုံးရန်” ဟူ၍ လူငယ်များကို နည်းပညာနှင့် ဝေးကွာစေရန်မဟုတ်ပါ။ “မိုဘိုင်းဖုန်းကို သိရှိနားလည်ပြီး မှန်ကန်စွာအသုံးချတတ်ရန်” ဖြစ်သည်။ ဆိုလိုသည်မှာ မိုဘိုင်းဖုန်း၏ အကျိုးကျေးဇူးများကို သိရှိနားလည်သကဲ့သို့ မိမိ၏အသုံးပြုမှုကိုလည်း မိမိကိုယ်တိုင် ထိန်းချုပ်နိုင်ပြီး ပညာရေး၊ ဆက်သွယ်ရေးနှင့် နေ့စဉ်ဘဝအတွက် အကျိုးရှိစွာအသုံးချတတ်သော လူငယ်များဖြစ်လာစေရန်ဖြစ်သည်။

မိုဘိုင်းဖုန်းကို ပိတ်ထားခြင်းထက် မိမိ၏အချိန်ကို တန်ဖိုးရှိစွာ ပြန်လည်အသုံးချနိုင်ခြင်း၊ ဖုန်းကို သိမ်းဆည်းထားခြင်းထက် မိမိကိုယ်တိုင် ထိန်းချုပ်အသုံးပြုနိုင်ခြင်း၊ နည်းပညာကို ကြောက်ရွံ့ရှောင်ရှားခြင်းထက် နည်းပညာ၏ အကျိုးကျေးဇူးများကို သိရှိနားလည်ပြီး တာဝန်ယူမှုရှိစွာအသုံးချတတ်ခြင်း၊ ထိုအရည်အချင်းများသည် ၂၁ ရာစု မြန်မာလူငယ်များအတွက် အမှန်တကယ် လိုအပ်သော **ဒီဂျစ်တယ်ခေတ် အသိပညာနှင့် ဉာဏ်ပညာ**ပင်ဖြစ်ပါသည်။ ။

## စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**Tender No–HIE–1/Pang Pet/2026–2027/001 (Renovation)**

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းအတွက် ၂၀၂၆–၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ဝယ်ယူရေး(ဝန်ဆောင်မှု) လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်–

Renovation of Heavy Machinery & Equipment မှ လုပ်ငန်း ၁၀ ခု

| စဉ် | ပစ္စည်းအမျိုးအမည်နှင့် Specification | အရေအတွက် |
|---|---|---|
| (က) | Renovation of Wheel Loader LG–856(6 Nos)<br>Brand–Liu Gong, Engine Power –164 KW,<br>Capacity –5 Tons | 1 Lot |
| (ခ) | Renovation of Excavator E–290 (1 No)<br>Brand–MI 2, Engine Power–196 KW, Capacity–29 tons | 1 Lot |
| (ဂ) | Renovation of Mini Excavator (1 No)<br>Brand – MI 2, Engine Power – 40 KW, Capacity –3.5 tons | 1 Lot |
| (ဃ) | Renovation of Bulldozer D–22(2 Nos)<br>Brand – MI 2, Engine Power–168 KW Capacity – 22 tons | 1 Lot |
| (င) | Renovation of Dump Truck (20) Ton (10 Nos)<br>Brand – MI 2, Capacity – 20 tons | 1 Lot |
| (စ) | Renovation of Wheel Loader(MOI WL.50) (4 Nos)<br>Brand – HI 15, Engine Power–162 KW Capacity–5 tons | 1 Lot |
| (ဆ) | Renovation of Wheel Dozer (Yutong) ( 2Nos)<br>Brand–Yutong, Engine Power–162 KW Capacity–15 tons | 1 Lot |
| (ဇ) | Renovation of Forklift (5 Ton) (1 No)<br>Brand –MI 2, Engine Power – 83 KW Capacity – 5 tons | 1 Lot |
| (ဈ) | Renovation of Forklift (3 Ton) (2 Nos)<br>Brand – MI 2, Engine Power–40 KW Capacity –3 tons | 1 Lot |
| (ည) | Renovation of Forklift (2.5 Ton) (1 Nos)<br>Brand – Toyota, Capacity – 29 tons | 1 Lot |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – (၁–၉ –၂၀၂၆) ရက်နေ့၊ (ရုံးချိန်အတွင်း)
၃။ တင်ဒါပိတ်ရက်နှင့်အချိန် – (၁၄ – ၉ – ၂၀၂၆ ) ရက်နေ့၊ (၁၆:၀၀)နာရီ။
၄။ တင်ဒါသွင်းရမည့်နေရာ – အုပ်ချုပ်ရေးဌာန၊အမှတ်(၁)အကြီးစားစက်မှု လုပ်ငန်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊ နေပြည်တော်။
၅။ ဆက်သွယ်ရမည့်ဖုန်းနံပါတ် – ၀၆၇–၄၀၅၄၅၁
– ၀၆၇–၄၀၅၄၈၇

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ပညာထွန်းတောက် ကိုယ်ပိုင်အထက်တန်းကျောင်း Grade–5 မှမောင်ကောင်းစည်သူထွန်း၏ ဖခင်အမည်မှန်မှာ ဦးသွင် [၁၂/ရပသ(နိုင်)၀၁၆၈၂၃] ဖြစ်ပါကြောင်း။

**ဦးသွင်**

## ဖခင်အမည်မှန်

၂၀၂၆–၂၀၂၇ ပညာသင်နှစ်၊ သုဝဏ္ဏ၊ အ.ထ.ကပညာနန်းတော်၊ Grade–5တွင် ပညာသင်ကြားနေသော မမိုးသော်တာစန်း၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်မောင်ဆန်း [၁၁/သတန (နိုင်)၀၇၂၉၅၆] ဖြစ်ပါကြောင်း။

**ဦးတင်မောင်မောင်ဆန်း**

## ဦးချိန်စွမ်း[၁၂/မဘန(နိုင်)၀၂၂၀၁၁]+ဒေါ်မြင့်မြင့်အေး (TKI 090989)တို့နှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ၊ စံပြကျေးရွာ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ်(၆၅၆) ကွင်းအမည် ကျောက်တန်းချောင်၊ ဦးပိုင်အမှတ်(၁၃/၁)၊ ဧရိယာ(၀.၂၀)ဧကရှိ မြေကွက်သည် ဦးကျော်သောင်းနှင့် ဦးဘိုးမိုညီအစ်ကို(၂)ဦးပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။ ဦးကျော်သောင်းနှင့် ဦးဘိုးမိုတို့သည် ကွယ်လွန်ပြီးဖြစ်သောကြောင့် ဒေါ်စန်းစန်းဝင်း [၁၂/မဘန(နိုင်)၀၆၁၉၂၅] အပါအဝင် ကျန်ရစ်သူ သားသမီးအားလုံးတို့နှင့် သက်ဆိုင်သည့် အမွေဆိုင်မြေကွက်ဖြစ်ပါသည်။ ယခုအချိန်တွင် ဦးချိန်စွမ်း[၁၂/မဘန(နိုင်)၀၂၂၀၁၁]+ဒေါ်မြင့်မြင့်အေး(TKI 090989)တို့မှ ဒေါ်စန်းစန်းဝင်း [၁၂/မဘန(နိုင်)၀၆၁၉၂၅] အပါအဝင် အခြားသော အမွေသက်ဆိုင်သူ သားသမီးများ မသိရှိဘဲ မြေခွန်ပြေစာတွင် ဦးချိန်စွမ်း အမည်ပေါက်ပြောင်းလဲထားပြီး ၎င်းတို့နှစ်ဦးမှ အခြားသူများထံသို့ တစ်ဆင့်လွှဲပြောင်း ရောင်းချခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသောကြောင့် သက်ဆိုင်ရာဌာနများသို့ ကန့်ကွက်စာများ တင်ထားပြီးဖြစ်ရာ အမွေဆိုင်ဖြစ်သူ ဒေါ်စန်းစန်းဝင်း [၁၂/မဘန(နိုင်)၀၆၁၉၂၅] အပါအဝင် အမွေဆိုင်သားသမီး၊ မြေး၊ မြစ်အားလုံး၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့် အခမဲ့အပိုင်ပေးခြင်း၊ ခွဲစိတ်ရယူခြင်း၊ အမည်ပြောင်းလဲခြင်း၊ တစ်စုံတစ်ရာစီမံခန့်ခွဲဆောင်ရွက်ခြင်း၊ ကျူးကျော်ဝင်ရောက် နေထိုင်ခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ ထိုသို့ပြုလုပ်ဆောင်ရွက်ပါက ဦးချိန်စွမ်း၊ ဒေါ်မြင့်မြင့်အေးနှင့် သက်ဆိုင်သူအားလုံးတို့အား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်ဝေထွန်း(LL.B) အထက်တန်းရှေ့နေ (စဉ် ၃၇၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph–09–421091588, 09–759697598**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်–၅၀၊ ၂ခန်းတွဲ ၆ ထပ်တိုက်၏ တတိယထပ်၊ ၄ လွှာ(ခြေရင်းခန်း/ဝဲ)၊ ၁၂ ပေ x ၅၀ ပေ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်ကြည်ကြည်မြင့် [၇/သဝတ(နိုင်)၀၄၈၇၅၆]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသန်းကျော် [၁၁/မတန(နိုင်)၀၂၅၁၃၁] နှင့် ဒေါ်မျိုးမြင့်သန်း [၁၄/ဟကက(နိုင်)၀၀၂၅၃၀] တို့က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းကျော် နှင့် ဒေါ်မျိုးမြင့်သန်း တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို[B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)**
**အမှတ်–၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး/တောင်ရပ်ကွက်၊ အောင်သပြေလမ်း၊ မြေကွက် အမှတ်– ၁၂/က၊ ၆ ထပ် အဆောက်အဦ၏ ပထမထပ်၊ ၁၈ ပေx၅၄ ပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်သဲသဲဖြူ [၁၂/ဥကတ(နိုင်)၁၄၇၂၀၃]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မေဇင်ဦး [၁၂/ဥကတ(နိုင်)၁၉၈၁၉၄] နှင့် ဒေါ်မြင့်မိုရ်စံ [၁၂/လသယ(နိုင်)၁၀၀၅၅၈] တို့က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မေဇင်ဦး နှင့် ဒေါ်မြင့်မိုရ်စံ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို[B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)**
**အမှတ်–၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၁၁၉၈၁**

## မြန်မာနိုင်ငံဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)အရ အသရေဖျက်မှု၊ ခြိမ်းခြောက်မှုတို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊(၆)ရပ်ကွက်အတွင်း နေထိုင်ခဲ့သော Facebook account အမည် Oakkar Tun (ခ)အောင်အောင်နှင့် ၎င်းထံမမှန်မကန် အချက်အလက်များကို သတင်းပေးပို့သူများအား ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာခြင်း

စင်ကာပူနိုင်ငံ Alexandra Hospital ဆေးရုံကြီးတွင် သူနာပြုအဖြစ် တရားဝင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုမွန်ဦး (Passport No. MF–830323) နှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးချမ်းပိုင် နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၀/ခဆန(နိုင်)၀၈၇၈၅၃] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်းတွင် နေထိုင်ကြသူများဖြစ်သည့် (ဘ) ဦးထွန်းလင်း (ကွယ်လွန်) နှင့် အမိဒေါ်ခင်လှဝင်းတို့၏သား Oakkar Tun (ခ) အောင်အောင်သည် ဂျပန်နိုင်ငံ၌ အလုပ်လုပ်ကိုင်နေသူဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ Oakkar Tun (ခ) အောင်အောင် သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမွန်ဦး တာဝန်ထမ်းဆောင်လျက်ရှိသော စင်ကာပူနိုင်ငံရှိ Alexandra Hospital ၏ တာဝန်ရှိသူများထံသို့လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးမင်းချမ်းပိုင်၏ Facebook account သို့လည်းကောင်း၊ ၎င်း၏ Facebook account တွင်လည်းကောင်း အများပြည်သူ အထင်မြင်လွဲမှားစေရန်၊ ဒေါ်ဆုမွန်ဦး၏ အလုပ်ကိုထိခိုက်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ ငွေကြေးလိမ်လည်ခဲ့ကြောင်း စွပ်စွဲပြီး မရိုးဖြောင့်သော သဘောဖြင့် စာ/ပုံနှင့်တကွ ဖော်ပြဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမွန်ဦးအနေဖြင့် အသရေဖျက်စွပ်စွဲသည့် ငွေကြေးကိစ္စရပ်တွင် လုံးဝပါဝင်ခြင်း မရှိသည့်အပြင် သိရှိခြင်းလည်း မရှိပါ။ ငွေကြေးအရှုပ်အရှင်းကိစ္စဖြစ်ပွားသည့်နေ့ရက်၊ အချိန်ကာလတွင်လည်း ဒေါ်ဆုမွန်ဦးသည် စင်ကာပူနိုင်ငံရှိဆေးရုံ၌ တာဝန်ထမ်းဆောင်နေဆဲကာလဖြစ်သည့်အတွက် အသရေဖျက်သူ Oakkar Tun (ခ) အောင်အောင်အား အချိန်ကုန်ခံ၍ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်း မရှိသည့်အပေါ် ၎င်းမှအတင့်ရဲစွာဖြင့် ဒေါ်ဆုမွန်ဦး အလုပ်လုပ်ကိုင်နေသော ဆေးရုံကြီး၏ တာဝန်ရှိသူများထံသို့ ဒေါ်ဆုမွန်ဦးအား ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ Oakkar Tun (ခ) အောင်အောင် Facebook account မှ အကြိမ်ကြိမ် ပုံ/စာနှင့်တကွ မဟုတ်မမှန် စွပ်စွဲရေးသားခဲ့သောကြောင့် ဒေါ်ဆုမွန်ဦး၏ နာမည်ကောင်းဖြင့် ဆယ်စုနှစ်တစ်စုစာ တာဝန်ထမ်းဆောင်ခဲ့သော အလုပ်နှင့် ဂုဏ်သိက္ခာကိုထိခိုက်စေရန် မမှန်မကန်ရေးသားသူ Oakkar Tun (ခ) အောင်အောင်နှင့် သတင်းအချက်အလက် ပေးပို့သူများအား ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးမြင့်သိန်း (အောင်) LL.B,D.I.L,DA(Psy),**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၅၀)**
**အမှတ်(၉၀)၊ ဒုတိယထပ်၊ ၄၉ လမ်း၊ အမှတ် (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၈၅၁၃၂**

## GRGI International Co., Ltd.
## တင်ဒါခေါ်ယူ ရောင်းချရေးကော်မတီ အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ၈–လွှာ၊ အမှတ်(၂–က)၊ ၁/၁၆ ဂိုတွင် တည်ရှိသော GRGI International Co., Ltd. ၏ စက်ရုံမှ ထွက်ရှိမည့် အစာဖတ်၊ ကန်ခပ်အနှစ်–အစာဖတ်၊ ဖွဲကြမ်းများအား တင်ဒါစနစ်ဖြင့် သတ်မှတ်ကာလအလိုက် ရောင်းချမည်ဖြစ်ပါ၍ ကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ပိတ်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ပိတ်တင်ဒါ တင်သွင်းရမည့် သတ်မှတ်ဈေးနှုန်း အဆိုပြုပုံစံ၊ တင်ပြရန်လိုအပ်သော စာရွက်စာတမ်းအပြည့်အစုံနှင့် တင်ဒါတင်သွင်းရန် စည်းကမ်းချက်များပါဝင်သော သတ်မှတ် စာအိတ်ကို (၁–၉–၂၀၂၆) ရက်နေ့မှ (၉–၉–၂၀၂၆) ရက်နေ့အထိ တင်ဒါအဆိုပြု လျှောက်လွှာ ဖြည့်စွက်တင်ပြပြီး အထက်ပါ လိပ်စာရှိ ရုံးချုပ်တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ပိတ်တင်ဒါ ယှဉ်ပြိုင်ခြင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဈေးနှုန်းအဆိုပြုပုံစံ တင်သွင်းရမည့် လိပ်စာမှာ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ၈–လွှာ၊ အမှတ်(၂–က)၊ ၁/၁၆ ဂိုတွင် တည်ရှိသော GRGI International Co., Ltd. ၏ ရုံးချုပ်ဖြစ်ပါသည်။

၄။ အိတ်ပိတ်တင်ဒါကို (၁၁–၉–၂၀၂၆)ရက်နေ့ ညနေ (၅:၀၀)နာရီအချိန်ထိ နောက်ဆုံးထားပြီး အိတ်ပိတ်တင်ဒါဈေးနှုန်း အဆိုပြုပုံစံအား GRGI International Co., Ltd ၏ (Tender Box) သို့ လာရောက်လျှောက်ထားရပါမည်။

၅။ တင်ဒါ အဆိုပြုလျှောက်လွှာတင်သွင်းရာတွင် ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ Company update Extract မိတ္တူ၊ ကုမ္ပဏီ Bank Statement မိတ္တူ၊ စည်ပင်လုပ်ငန်းလိုင်စင်မိတ္တူ၊ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူနှင့် ကျပ်သိန်းတစ်ထောင် စရန်ငွေ တင်သွင်းထားသော Bank Slip မိတ္တူတို့ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ်သိရှိလိုပါက တင်ဒါကော်မတီ ဖုန်း ၀၉–၄၂၁၁၂၄၈၄၀ နှင့် ၀၉–၄၂၅၃၀၈၃၈၅ တို့အား ရုံးချိန် နံနက်(၉:၀၀)နာရီမှ ညနေ(၄:၃၀)အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ တေဇလမ်း၊ တိုက်အမှတ် (၆၄၈)၊ (၅)လွှာ၊ အကျယ်အဝန်း (၁၇′×၅၄′) အကျယ်ရှိ ရေ၊ မီး စုံလင်စွာပါဝင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်လွင် (၁၂/ပဇတ(နိုင်)၀၂၅၃၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်စိုင်စိုင်စန်း** လွှဲအပ်ညွှန်ကြားချက်အရ– **ဒေါ်နှင်းနုလွင်**
(LL.B, D.B.L, D.I.L) (LL.B ) (D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၆၁) အထက်တန်းရှေ့နေ (စဉ်–၅၃၁၁၄)
အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၁၊ ၀၉-၈၈၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ပါကြောင်း

